ကြေးမုံ
The Mirror

၁၃၇၂ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်၊ စနေနေ့၊ (11-9-2010) (၆၅၁၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ၂၀၁၀ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး အနိုင်ရဗိုလ်စွဲသောအသင်းအား ဒိုင်းဆုချီးမြှင့်

နေပြည်တော်　　စက်တင်ဘာ　　၁၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၁၀ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၁) နေပြည်တော် အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ကြည့်ရှုအားပေးပြီး အနိုင်ရဗိုလ်စွဲသော အသင်းအား ဒိုင်းဆုချီးမြှင့်သည်။

ကြည့်ရှုအားပေး

ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦး၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဦးအုန်းမြင့်၊ အားကစားဝန်ကြီးဌာနဝန်ကြီး သူရဦးအေးမြင့်၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး သူရဦးမြင့်မောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အနိုင်ရ

ရှေးဦးစွာ ဗိုလ်လုပွဲအဖြစ် အားကစားဝန်ကြီးဌာနအသင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားဝန်ကြီးဌာနအသင်းက တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းထွန်းက တတိယဆုရရှိသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းအားလည်းကောင်း၊ ဝန်ကြီး သူရဦးမြင့်မောင်က ဒုတိယဆုရရှိသော ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းအားလည်းကောင်း၊ ဝန်ကြီး ဦးအုန်းမြင့်က ပထမဆုရရှိသော အားကစားဝန်ကြီးဌာနအသင်းအားလည်းကောင်း တစ်ဦးချင်းဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့✻

ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော အားကစားဝန်ကြီးဌာနအသင်းအား ပင်မဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဆန္ဒမဲပေးခြင်းသည် မဲဆန္ဒရှင်များအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော အခွင့်အရေးကို ကျင့်သုံးခြင်းဖြစ်ပြီး အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပူးပေါင်းပါဝင်လျက် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်သည့် ပြယုဂ်တစ်ခုဖြစ် ။

လွတ်လပ်သော သဘောဆန္ဒပေါ်တွင် အခြေခံသည့် ဆန္ဒမဲပေးပိုင်ခွင့်ရရှိထားသော မဲဆန္ဒရှင်များသည် မိမိတို့၏အနာဂတ်ကို စနစ်တကျ ဖန်တီးပေးနိုင်စွမ်းရှိသည့် နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် မိမိတို့ တန်ဖိုးထားလေးစားသော၊ စံနမူနာကောင်းရှိသော၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိသော ပုဂ္ဂိုလ်များကိုသာ မှန်မှန်ကန်ကန်ရွေးချယ် ။

ဥပဒေလေ့လာသူတစ်ဦး၏ "အနာဂတ်နိုင်ငံတော်ကို မိမိဆန္ဒမဲဖြင့် တည်ဆောက်ကြပါစို့" (ဆောင်းပါး)စာမျက်နှာ-(၈၊၉)

စက်တင်ဘာလ
ဒုတိယရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်

လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည် ။

ကြေးမုံ The Mirror
၁၁-၉-၂၀၁၀
(စနေနေ့)

ရှေးဦးပြုစု လူမှုကရုဏာ အပေါင်းလက္ခဏာ

မိမိပတ်ဝန်းကျင်နှင့် အများကောင်းကျိုး ဝိုင်းဝန်းသယ်ပိုးဆောင်ရွက်ခြင်း၊ ဆင်းရဲနွမ်းပါးသူကို ကူညီပံ့ပိုးခြင်း၊ ဒုက္ခရောက်နေသူကို အားပေးကူညီခြင်းတို့သည် မြန်မာတို့၏ ပင်ကိုစိတ်ဓာတ်ဖြစ်သည်။ မြန်မာတို့၏ ပရဟိတ လူမှုဝတ္တရား မြင့်မြတ်သည့်စိတ်ထားဖြစ်သည်။

ကမ္ဘာတစ်ဝန်း ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူသားတို့ကြောင့်ဖြစ်စေ လူသားတို့၏ အသက်အန္တရာယ်ကို ထိခိုက်စေသည့် ခြိမ်းခြောက်မှုများ ပေါ်ပေါက်လျက်ရှိသည်။ ထို့အပြင် နေအိမ်တိုက်တာ အဆောက်အအုံနှင့် လူမှုပတ်ဝန်းကျင်တွင် မတော်တဆထိခိုက်မှုမှအစ ဒဏ်ရာအနာတရ ဖြစ်ပွားပါက အရေးပေါ် အသက်ကယ်တင်နိုင်ရန် လိုအပ်မည်ဖြစ်သည်။

ရုတ်တရက် နေထိုင်မကောင်းမှု၊ ဘေးအန္တရာယ် တစ်ခုခုကြောင့် အရေးပေါ် ကျန်းမာရေးအခြေအနေနှင့် ကြုံတွေ့ရပါက ပိုမိုမဆိုးရွားစေရန်နှင့် အလျင်အမြန် ပြန်လည်ကောင်းမွန်စေရန် ရှေးဦးပြုစုပေးရသည်။ ရှေးဦးပြုစုပေးခြင်းသည် ဖြစ်ပွားသည့်နေရာနှင့် ကျွမ်းကျင်သော ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်၊ ဆေးရုံ၊ ဆေးပေးခန်းတို့သို့ မရောက်မီစပ်ကြား အသက်ဆုံးရှုံးမှု မရှိစေရေး ကာကွယ်ပေးခြင်းပင်ဖြစ်သည်။

ရှေးဦးပြုစုခြင်းနည်းစနစ်များသည် မူလက စစ်ပွဲစစ်မြေပြင်များတွင် အခြေပြု၍ ပေါ်ပေါက်လာခဲ့သည်။ ယနေ့အချိန်အခါတွင် လူမှုပတ်ဝန်းကျင်၌ အရေးပေါ်ထိခိုက်အနာတရ ဖြစ်မှုများအတွက် အသက်ကယ်နည်း အတတ်ပညာအဖြစ် အသုံးဝင်နေပေပြီ။

လူသားတို့၏ အသက်နှင့်ခန္ဓာ တည်မြဲရေး စွမ်းဆောင်ပေးနိုင်ခြင်းကို ဖော်ညွှန်းဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် စက်တင်ဘာလ ဒုတိယပတ် စနေနေ့ကို **ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့**အဖြစ် သတ်မှတ်၍ ကမ္ဘာတစ်ဝန်း၌ အခမ်းအနားများ ကျင်းပကြသည်။ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ဆောင်ပုဒ်များ နှစ်စဉ်သတ်မှတ်ခဲ့ရာ ၂၀၁၀ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့အတွက် ဆောင်ပုဒ်မှာ **First Aid For All အားလုံးတွက်တာ ရှေးဦးပြုစုခြင်းပညာ** ဖြစ်သည်။

လူမှုကရုဏာ ကြက်ခြေနီလုပ်ငန်းများကို ဖွံ့ဖြိုးပြီးနိုင်ငံများတွင်သာမက ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ပါ အလေးထား လုပ်ဆောင်နေကြဆဲဖြစ်သည်။ ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ အသိပညာပေးမှု၊ ထိခိုက်အနာတရနှင့် အသက်နှင့်ခန္ဓာကိုယ် ပျက်စီးဆုံးရှုံးမှု နည်းပါးသက်သာစေရေး ပြုစုပေးမှုလုပ်ငန်းများတွင် အထောက်အကူပြုနေဆဲ ဖြစ်သည်။ စေတနာရှင် ကြက်ခြေနီအသင်းဝင်၊ တပ်ဖွဲ့ဝင်များက လူမှုဝန်းကျင်တွင် ရှေးဦးပြုစုခြင်းပညာဖြင့် ပါဝင်ကူညီဆောင်ရွက်ကြခြင်းဖြင့် လူသားချင်းစာနာထောက်ထားသော စိတ်ဓာတ်ကောင်း၊ စေတနာကောင်းများ လွှမ်းခြုံပျံ့နှံ့နေမည် ဖြစ်ပါသည်။ ။

ဟသ္သာတမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ကြီးမှူး၍ ရေဟသ္သာကုမ္ပဏီများအုပ်စုနှင့် ပူးပေါင်းပြီး ဆန်ခါပိုက်ဖြင့် ဘောင်ပျိုးထောင်နည်း သရုပ်ပြပွဲကို ဩဂုတ် ၂၆ ရက်က လယ်တော်အုပ်စု ရေဟသ္သာကုမ္ပဏီပိုင် စိုက်ခင်း၌ ကျင်းပရာ မြို့နယ်မန်နေဂျာ ဦးဌေးလွင် ဆန်ခါပိုက်နှင့် ဘောင်ပျိုးထောင်စိုက်ပျိုးနည်းစနစ်၏ အကျိုးရလဒ်များကို ရှင်းလင်းပြသစဉ်။ (၁၈၆)

ကျေးရွာလမ်းခင်း

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရာဇာလင်း ပြုံးကုန်းကျေးရွာအဝင်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၁၆ ရက်က အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမြတ်စိုးနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းဖော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၁၀

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများ၊ အခြေခံပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပြခန်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့် ဆားဗီးယားသံရုံးယာယီတာဝန်ခံ တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူးနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆားဗီးယားသမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Nino Maljevic သည် စက်တင်ဘာ ၃ ရက်ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ အကျိုးတူလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆားဗီးယားသမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Nino Maljevic လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကြံခင်းမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

ကြံခင်း စက်တင်ဘာ ၁၀

ကြံခင်းမြို့နယ် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ကြံခင်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ၃၃ အုပ်စုအား ဩဂုတ် ၂၅ ရက်တွင် ကြံခင်းမြို့ ရေဦးခန်းမ၌ ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန် သင်တန်းဖွင့်ပွဲကို ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးမြင့်က သင်တန်းများဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းကိစ္စများကို ရှင်းလင်းပြောကြားသည်။

တက်ရောက်

ကြံခင်းမြို့နယ်ရှိ မြို့ပေါ် သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စု ရှစ်အုပ်စုက လည်းကောင်း၊ ဘက်ရဲတိုက်နယ် ရေနံတောင်ကျေးရွာ၊ ဆိပ်သာကျေးရွာတို့၌ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမြင့်သိန်း၊ ဦးပြုံး၊ ဦးအောင်သက်ရှည်၊ ဦးတင်စန်း၊ ဦးမြင့်လွင်၊ ဦးအုန်းမြိုင်နှင့် ဒေါ်စန်းစန်းငွေတို့က မဲရုံမှူး၊ ဒုတိယမဲရုံမှူးတို့နှင့် မဲရုံအဖွဲ့ဝင်များ ဆောင်ရွက်ကြရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးပို့ချခဲ့ပြီး သင်တန်းအသီးသီးသို့ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင် ၂၇၈ ဦးနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် ၁၀၉၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။
(ကြေးမုံ)

အလိမ္မာ စာမှာရှိ

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းခွဲ ခရမ်းမြို့နယ်၌ ရုံးခန်းသစ်ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းခွဲ ခရမ်းမြို့နယ်ရုံးခန်းသစ် ဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို စက်တင်ဘာ ၇ ရက် နံနက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အမှတ်(၆)ရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ အသင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူရနှင့် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းခွဲ ခရမ်းမြို့နယ်ဥက္ကဋ္ဌ ဦးနိုင်လင်းတို့က ရုံးခန်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း မြို့နယ်အသင်းခွဲ ခရမ်းမြို့နယ် ရုံးခန်းသစ် ဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူရနှင့် ခရမ်းမြို့နယ် ဆန်စပါးလုပ်ငန်းအသင်းခွဲဥက္ကဋ္ဌ ဦးနိုင်လင်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

✻ရှေ့ဖုံးမှ

ဆက်လက်၍ ဝန်ကြီး ဦးဌေးဦးက နေရာအလိုက် အကောင်းဆုံး ဘောလုံးသမားဆု ရရှိသူများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆု ရရှိသူတို့အား ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ ဝန်ကြီး သူရ ဦးအေးမြင့်က အသန့်ရှင်းဆုံး ဘောလုံးအသင်းဆုရ အားကစားဝန်ကြီးဌာန ဘောလုံးအသင်းအား ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ၊ စတုတ္ထဆုရရှိသော အလုပ်သမားဝန်ကြီးဌာနအသင်း၊ တတိယဆုရရှိသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် ဒုတိယဆုရရှိသော ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းတို့အား ဂုဏ်ပြုဆုငွေများကို လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အနိုင်ရဗိုလ်စွဲသွားသော အားကစားဝန်ကြီးဌာနအသင်းအား ပင်မဒိုင်းဆုကြီး၊ ဂုဏ်ပြုဆုငွေများနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၁၀ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၂ ရက်က စတင်ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ဝန်ကြီးဌာနအသီးသီးမှ အသင်း ၃၅ သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် နေရာအလိုက် အကောင်းဆုံး ဘောလုံးသမားဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပထမဆုရရှိသော အားကစားဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အသန့်ရှင်းဆုံး ဘောလုံးအသင်းဆုရ အားကစားဝန်ကြီးဌာန ဘောလုံးအသင်းအား ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အီလက်ထရွန်နစ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ(၂၀၁၀)ကျင်းပမည်

SGC NIBBAN Shwe Taung

ရန်ကုန် စက်တင်ဘာ ၁၀

IEMS Company Limited သည် အီလက်ထရွန်နစ်နှင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ(၂၀၁၀) (ELECTRONICS & YANGON INTERNATIONAL TRADE EXHIBITION 2010)ကို စက်တင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြပွဲတွင် ပြည်တွင်းပြည်ပမှ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ အိမ်ရာအဆောက်အအုံအရောင်းပြခန်းနှင့် အိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင် ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ သန့်ရှင်းရေးနှင့် မီးဖိုချောင်သုံး အထွေထွေပစ္စည်းအမျိုးမျိုး၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ အသေးစား စက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်းအမျိုးမျိုး၊ ကြမ်းခင်းအမျိုးမျိုး၊ အိမ်သုတ်ဆေးအမျိုးမျိုး၊ အိမ်အမိုးပြားအမျိုးမျိုး၊ ခေတ်မီပရိဘောဂပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ ဆေးဝါးပစ္စည်းအမျိုးမျိုးတို့ ခင်းကျင်းပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြပွဲတွင် ဈေးကွက်အတွင်း ရောင်းအားသွက်နေသော NIBBAN Electronics၊ နာမည်ကျော် လူကြိုက်များသော Shine Groups of Companies နှင့် Shwe Taung Development Co,.Ltd. တို့မှ ဖျော်ဖြေရေးအစီအစဉ်များအပြင် IEMS Company မှ နေ့စဉ် အဝတ်လျှော်စက် ကံစမ်းမဲ ဖွင့်လှစ်ပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၇၃၀၄၃၅၈၈ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

(သတင်းစဉ်)

B.A (Law),LL.B နောက်ဆုံးအပတ်စဉ် ဥပဒေကျောင်းသား၊ ကျောင်းသူများ အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဥပဒေပညာဌာနတွင် ၁၉၇၅ ခုနှစ် ကျောင်းဝင် ၁၉၈၀ ခုနှစ်ဘွဲ့ရ B.A (Law), LL.B နောက်ဆုံးအပတ်စဉ် ကျောင်းသား၊ ကျောင်းသူများ၏ ဘွဲ့ရပုလဲရတုအထိမ်းအမှတ် စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလဆန်းတွင် ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုသူ ကျောင်းသား၊ ကျောင်းသူများသည် ဦးသောင်းငွေ ဖုန်း-၀၉-၂၀၁၁၈၈၂၊ ဦးသိန်းထွန်း ဖုန်း-၅၂၅၀၆၀၊ ၀၉-၈၀၂၃၇၇၈၊ ဦးတင်လတ် ဖုန်း-၅၅၃၆၅၄၊ ၀၉-၅၀၈၅၄၉၉၊ ဒေါ်ယဉ်မျိုးမေ ဖုန်း-၀၉-၅၁၈၁၀၆၅၊ ဒေါ်တင်တင်ကြည် ဖုန်း-၅၁၂၆၀၉၊ ဒေါ်နွယ်နီအောင် ဖုန်း-၀၉-၅၀၈၄၂၂၁၊ ဒေါ်ဆွေဆွေ ဖုန်း-၀၉-၂၀၃၂၈၀၇ နှင့် ဒေါ်နန်းဘောက် ဖုန်း-၀၉-၅၂၁၃၉၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အီရတ်-ကူဝိတ်စစ်ပွဲအတွင်း ညှဉ်းပန်းခံခဲ့ရသည်ဆိုသော အမေရိကန်နိုင်ငံသားများအတွက် နစ်နာကြေး ဒေါ်လာသန်း ၄၀၀ အီရတ်နိုင်ငံက ပေးအပ်ရမည်ဟုဆို

ဘဂ္ဂဒက် စက်တင်ဘာ ၁၀

အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်လက်ထက် ၁၉၉၀ ခုနှစ်က ကူဝိတ်နိုင်ငံကို ဝင်ရောက်သိမ်းပိုက်ခဲ့စဉ် ညှဉ်းပန်းနှိပ်စက်မှုခံခဲ့ရသည်ဆိုသော အမေရိကန်နိုင်ငံသားများက တောင်းဆိုသည့် နစ်နာကြေးဒေါ်လာ သန်း ၄၀၀ ကို ပေးအပ်ရန် အီရတ်နိုင်ငံက သဘောတူညီခဲ့ရကြောင်း စက်တင်ဘာ ၁၀ ရက် သတင်းများတွင် ဖော်ပြသည်။

၁၉၉၀ ခုနှစ်က ကူဝိတ်နိုင်ငံ ကူဝိတ်စီးတီးမြို့တော်အတွင်း ဝင်ရောက်လာသော အီရတ်တင့်ကားများ။

ယင်းကဲ့သို့ သဘောတူညီခဲ့ခြင်းကြောင့် နှစ်ပေါင်းများစွာ လိပ်ခဲတည်းလည်းဖြစ်ခဲ့ရသော ဥပဒေဆိုင်ရာ ပြဿနာများကို အဆုံးသတ်နိုင်မည်ဖြစ်ပြီး လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုခန့်က ချမှတ်ထားခဲ့သောကုလသမဂ္ဂ၏ ဒဏ်ခတ်အရေးယူမှုမှ အီရတ်နိုင်ငံ လွတ်ကင်းစေရန် အထောက်အကူပြုမည်ဖြစ်သည်။

အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ဆက်ဒမ်ဟူစိန်လက်ထက်က ညှဉ်းပန်းခံခဲ့ရသည်ဆိုသော အမေရိကန်နိုင်ငံသားများအတွက် နစ်နာကြေးဒေါ်လာသန်း ၄၀၀ ပေးအပ်မည့် သဘောတူညီချက်ကို ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ညှဉ်းပန်းခံခဲ့ရသည်ဆိုသော အမေရိကန်နိုင်ငံသားများကို အီရတ်နိုင်ငံက နစ်နာကြေးပေးရေးသည် နှစ်ပေါင်း ၂၀ ကြာကုလ၏ ဒဏ်ခတ်အရေးယူမှုကို ရုပ်သိမ်းရေးအတွက် အဓိကကျသော လိုအပ်ချက်အဖြစ်အမေရိကန် အစိုးရက ရှုမြင်ထားသည်။

ဆက်ဒမ်ဟူစိန်လက်ထက် ၁၉၉၀ ခုနှစ်က ကူဝိတ်နိုင်ငံကို ကျူးကျော်ခဲ့ခြင်းကြောင့် ကုလသမဂ္ဂပဋိညာဉ်အရ အီရတ်နိုင်ငံအပေါ် ချမှတ်ထားသော ဒဏ်ခတ်အရေးယူမှုများကို ယနေ့အချိန်အထိ ဖျက်သိမ်းခြင်းမရှိသေးပေ။ **အင်တာနက်။**

တရုတ်နိုင်ငံ၏ ပထမဆုံး လလေ့လာရေး အာကာသယာဉ် ချန်ဂီ-၁ လွှတ်တင်ခဲ့စဉ်။

လလေ့လာရေးအာကာသယာဉ် တရုတ်နိုင်ငံလွှတ်တင်မည်

ပေကျင်း စက်တင်ဘာ ၁၀

၂၀၂၀ ခုနှစ်တွင် လပေါ်သို့ လူလိုက်ပါမည့်အာကာသယာဉ် စေလွှတ်ရေးစီမံကိန်း၏ အကြိုခြေလှမ်းတစ်ရပ်အဖြစ် တရုတ်နိုင်ငံသည် ၎င်း၏ လလေ့လာရေး အာကာသယာဉ်ကို ယခုနှစ်ကုန်ပိုင်းတွင် လွှတ်တင်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက စက်တင်ဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံက လွှတ်တင်မည့် ချန်ဂီ-၂ လလေ့လာရေး အာကာသယာဉ်သည် လကမ္ဘာမှ ၁၅ မိုင်အကွာပတ်လမ်းအတွင်း လှည့်ပတ်လေ့လာမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ချန်ဂီ-၂ လလေ့လာရေး အာကာသယာဉ် စီမံကိန်းနှင့် ပတ်သက်၍ လက်ရှိတွင် အကြိုပြင်ဆင်မှုများနှင့် မလွှတ်တင်မီ အကြိုစမ်းသပ်မှုများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လလေ့လာရေးအာကာသယာဉ်သည် ၂၀၁၃ ခုနှစ်တွင် လွှတ်တင်မည့် ချန်ဂီ- ၃ လဆင်းယာဉ်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အကြိုစမ်းသပ်မှုများကို လုပ်ဆောင်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၀၇ ခုနှစ် အောက်တိုဘာလက ချိန်ဂီ-၁ လလေ့လာရေးအာကာသယာဉ်ကို လွှတ်တင်ခဲ့ပြီး ယင်းအာကာသယာဉ်က လမျက်နှာပြင်အနေအထားများကို ဓာတ်ပုံများရိုက်ကူးကာ ပြန်လည်ပေးပို့လျက်ရှိသည်။

တရုတ်နိုင်ငံသည် လူလိုက်ပါသော ရှန်ကျိုး-၅ အာကာသယာဉ်ကို ၂၀၀၃ ခုနှစ်တွင် လွှတ်တင်ခဲ့ပြီးနောက် ရုရှားနှင့် အမေရိကန်နိုင်ငံများပြီးလျှင် လူလိုက်ပါသော အာကာသယာဉ်ကို လွှတ်တင်နိုင်သည့် တတိယမြောက်နိုင်ငံဖြစ်လာသည်။

အမ်အင်အေ၊ဆင်ဟွာ။

ယီမင်အယ်လ်ခိုင်ဒါများ လုံခြုံရေးတာဝန်ရှိသူများကို ကြေညာချက်ထုတ် ခြိမ်းခြောက်

အေဒင် စက်တင်ဘာ ၁၀

အာရေဗီးယန်းကျွန်းဆွယ်ဒေသမှ အယ်လ်ခိုင်ဒါများသည် ယီမင်နိုင်ငံတောင်ပိုင်း အက်ဘ်ယန်ပြည်နယ်မှ ယီမင်ရဲတပ်ဖွဲ့ဝင် ၅၅ ဦးတို့ကို အမည်နှင့်တကွ ထုတ်ဖော်ခြိမ်းခြောက်ထားသော ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြောင်း စက်တင်ဘာ ၁၀ရက် သတင်းများတွင် ဖော်ပြသည်။

ယင်းကြေညာချက်ကို အက်ဘ်ယန်ပြည်နယ်၏ မြို့တော် ဇင်ဂျီဘားတွင် အယ်လ်ခိုင်ဒါများက ဖြန့်ဝေခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။ စာရင်းတွင်ပါဝင်သည့် ယီမင်ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၀ရက်မှစ၍ အယ်လ်ခိုင်ဒါ အဖွဲ့၏ တရားဝင်ပစ်မှတ်များ ဖြစ်သွားပြီဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

အယ်လ်ခိုင်ဒါများ ထုတ်ပြန်ခဲ့သော ပစ်မှတ်စာရင်းတွင် ပြည်နယ်လုံခြုံရေး တာဝန်ရှိသူ ၃၁ ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၅ဦးနှင့် စစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးအဖွဲ့ဝင် ကိုးဦးတို့ပါဝင်ကြောင်း ယင်းစာရင်းထဲတွင် နာမည်ပါဝင်နေသည့် ရဲအရာရှိတစ်ဦးက ပြောကြားသည်။ အယ်လ်ခိုင်ဒါအဖွဲ့၏ ပစ်မှတ်စာရင်းသည် ယီမင်ရဲတပ်ဖွဲ့၏ စိတ်ဓာတ်ရေးရာကို ဖြိုခွဲရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ **အေအက်ဖ်ပီ။**

ငြိမ်းချမ်းရေးဆွေးနွေးရန် တာလီဘန်စစ်သွေးကြွအဖွဲ့ကို အာဖဂန်သမ္မတ တိုက်တွန်း

ကဘူး စက်တင်ဘာ ၁၀။ ။ အာဖဂန်စစ်ပွဲကို အဆုံးသတ်နိုင်ရေးအတွက် အကြမ်းဖက်တိုက်ခိုက်မှုများကို စွန့်လွှတ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ရန် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက ဘာသာရေး အထွတ်အမြတ်နေ့ ရိုးရာသတင်းစကားကို တာလီဘန်အဖွဲ့ခေါင်းဆောင်ထံသို့ စက်တင်ဘာ ၁၀ ရက်က ပေးပို့ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန် နိုင်ငံသမ္မတ ဟာမစ်ကာဇိုင်း။

အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များအနေဖြင့် အာဖဂန်ကျေးရွာများကို တိုက်ခိုက်မည့်အစား ပါကစ္စတန်နယ်စပ်ဒေသရှိ စစ်သွေးကြွ ခြေကုပ်စခန်းများကိုသာ ပစ်မှတ်ထား တိုက်ခိုက်ရန်လည်း အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက တောင်းဆိုလိုက်သည်။

အာဖဂန်ညီနောင်အချင်းချင်း သတ်ဖြတ်နေမှုများကို ရပ်ဆိုင်း၍ တာလီဘန်ခေါင်းဆောင် မူလာမိုဟာမက်အိုမာသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်မည်ဟု အာဖဂန်နစ္စတန်အစိုးရက မျှော်လင့်ကြောင်း သမ္မတဟာမစ်ကာဇိုင်း၏ ထုတ်ပြန်ချက်ထဲတွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင်း၌ ကိုးနှစ်ကြာမျှ ပုန်ကန်ထကြွနေသော တာလီဘန်စစ်သွေးကြွများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်နိုင်ရန် အာဖဂန်ငြိမ်းချမ်းရေးကောင်စီကို ဖွဲ့စည်းထားကြောင်း သမ္မတဟာမစ်ကာဇိုင်းက ပြီးခဲ့သည့် ရက်သတ္တပတ်က ကြေညာခဲ့ပြီးဖြစ်သည်။

အဆင့်မြင့်ငြိမ်းချမ်းရေးကောင်စီကို ဖွဲ့စည်းနိုင်ခြင်းသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်နိုင်ရေးအတွက် ရှေးဦးခြေလှမ်းတစ်ရပ်ဖြစ်သည်ဟုဆိုသည်။ အဆိုပါကောင်စီတွင် ပါဝင်မည့် အဖွဲ့ဝင်အမည်စာရင်းကို မကြာမီထုတ်ပြန်ကြေညာနိုင်ရန် အာဖဂန်အစိုးရအဖွဲ့က မျှော်လင့်ထားကြောင်း သတင်းတွင် ဖော်ပြသည်။ **အေပီ။**

ဘာကီနာဖာဆိုတွင် မိုးသည်းထန် ဂါနာတွင် ရေဘေးဒဏ်ခံရ

အက္ကရာ(ဂါနာ) စက်တင်ဘာ ၁၀

အိမ်နီးချင်း ဘာကီနာဖာဆိုနိုင်ငံက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေများပြည့်လျှံနေသော ဆည်တစ်ခုမှ ရေလွှဲပေါက်များကို ဖွင့်ချလိုက်ရာ ဂါနာနိုင်ငံသား ၁၇ ဦး သေဆုံးခဲ့ရကြောင်း စက်တင်ဘာ ၁၀ ရက် သတင်းများတွင် ဖော်ပြသည်။

ဘာကီနာဖာဆိုနိုင်ငံ တာဝန်ရှိသူများက ဘက်ဂ်ရီးဆည်၏ ရေလွှဲပေါက်များကို ဖွင့်ချမည်ဖြစ်ကြောင်း ဩဂုတ်လအတွင်းက ကြေညာခဲ့သည်ဟု ဂါနာအမျိုးသားသဘာဝဘေးအန္တရာယ် ကာကွယ်ရေးအဖွဲ့က သောကြာနေ့တွင် ပြည်သူများကို သတိပေးခဲ့သည်။

ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် ပြည်သူများကိုဆော်ဩခဲ့သော်လည်း အချို့က ရေနစ်မြုပ်နေသော သီးနှံများကို သစ်ထွင်းလှေများအသုံးပြု၍ ရိတ်သိမ်းခဲ့ခြင်းကြောင့် လူအသေအပျောက်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ ဂါနာတာဝန်ရှိသူများက ယင်းလှေများကို သိမ်းယူခဲ့ကြသည်ဟုလည်း ထပ်မံပြောကြားခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ဘာကီနာဖာဆိုနိုင်ငံမှ ဘက်ဂ်ရီးဆည်မှာ ရေကို မထိန်းနိုင်တော့ဘဲ ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဂါနာတာဝန်ရှိသူများက ပြောသည်။ **အေပီ။**

ဖီလာဒယ်လ်ဖီးယားမှ အမျိုးသမီးသေနတ်သမား၏ လက်ချက်ကြောင့် နှစ်ဦးသေ၍ တစ်ဦးဒဏ်ရာရ

အမျိုးသမီး သေနတ်သမားတစ်ဦး ဝင်ရောက်ပစ်ခတ်ခဲ့ရာ ခရက်ခ်စားသောက်ကုန် ထုတ်လုပ်မှုစက်ရုံတွင်းရှိ ရာဇဝတ်မှုနှိမ်နင်းရေး အထူးရဲတပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၉ ရက်က တွေ့ရစဉ်။

ဖီလာဒယ်လ်ဖီးယား စက်တင်ဘာ ၁၀

အမေရိကန်ပြည်ထောင်စု ဖီလာဒယ်လ်ဖီးယားပြည်နယ် အစားအသောက်ထုတ်လုပ်ရေး စက်ရုံတစ်ရုံတွင် အလုပ်လုပ်ကိုင်နေသော အမျိုးသမီးတစ်ဦးသည် ၎င်းအလုပ်ထုတ်ပယ်ခံရပြီးနောက် စက်ရုံသို့ ပြန်ရောက်လာပြီး သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ နှစ်ဦးသေဆုံး၍ အခြားတစ်ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း စက်တင်ဘာ ၁၀ ရက် သတင်းများတွင် ဖော်ပြသည်။

အဆိုပါ သေနတ်ပစ်ခတ်မှုသည် ဖီလာဒယ်လ်ဖီးယားပြည်နယ် အရှေ့မြောက်ပိုင်းရှိ ခရက်ခ်ကုမ္ပဏီပိုင် စက်ရုံအတွင်း စက်တင်ဘာ ၉ ရက်က ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ယင်းအမျိုးသမီးသည် အလုပ်ထုတ်ခံရပြီး ၁၀ မိနစ်ခန့်အကြာတွင် စက်ရုံသို့ ကားတစ်စီးဖြင့် ပြန်လည်ရောက်ရှိလာပြီး စက်ရုံတွင်းရှိ ဝန်ထမ်းများကို ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပစ်ခတ်မှုဖြစ်ပွားပြီး တစ်နာရီခန့်ကြာမှ ရဲတပ်ဖွဲ့က အဆိုပါ အမျိုးသမီးကို ဖမ်းဆီးနိုင်ခဲ့သည်ဟု ဆိုသည်။ သေနတ်ဖြင့် မည်းမည်းမြင်ရာ လှည့်ပတ်ချိန်နေခြင်းကြောင့် စက်ရုံဝန်ထမ်းများမှာ ဝရုန်းသုန်းကား ပုန်းအောင်းခဲ့ကြရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖီလာဒယ်လ်ဖီးယားရဲတပ်ဖွဲ့က အဆိုပါ အမျိုးသမီးနှင့် သေဆုံးဒဏ်ရာရခဲ့သူများ၏ အမည်နာမများကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ယင်းအပြင် ယင်းအမျိုးသမီးကို အဘယ်ကြောင့်အလုပ်ထုတ်ခံခဲ့ရကြောင်းကိုလည်း ထုတ်ဖော်ခြင်းမရှိခဲ့ကြောင်း သိရသည်။ **အေပီ။**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့တွင်းလမ်းများ သန့်ရှင်းသပ်ရပ်ကောင်းမွန်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့ ရဲယမန်းရွာအနီး ရဲရွာရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဗိုလ်ချုပ်မြင့်စိုးက ကဏ္ဍအလိုက် ပေါင်းစပ်ဖြည့်ဆည်းပေးပြီး လိုအပ်သည်များ မှာကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက် စဉ့်ကိုင်မြို့နယ် ရွှေလုံ့ဗိုလ် မြစ်ရေတင်လုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦး၏ ရှင်းလင်းတင်ပြချက်များအပေါ် ဗိုလ်ချုပ်မြင့်စိုးက လိုအပ်သည်များ မှာကြားပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ထို့နောက် ရွှေလုံ့ဗိုလ်ကန်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် စွန်ရဲကျေးရွာအနီးရှိ စွန်ရဲကန် ပြုပြင်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားကာ ဒေသခံပြည်သူများအား တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာ တိုက်နယ်ဆေးရုံ (စက်ရုံစုနယ်မြေ)သို့ ရောက်ရှိရာ ဆေးရုံတာဝန်ခံက ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသပြီး ဗိုလ်ချုပ်မြင့်စိုးနှင့် တိုင်းမှူးတို့က ဆေးပဒေသာပင်အတွက် အလှူငွေများ ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မြင့်စိုးသည် တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက်ကျောက်ဆည်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း (စက်ရုံစု)သို့ရောက်ရှိရာ ကျောင်းအုပ်ဆရာကြီး၏ သင်ကြားရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ဖြည့်ဆည်းပေး၍ စာသင်ခန်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောက်ဆည်မြို့နယ် သင်္ဂတုံကျေးရွာ တောင်သူတစ်ဦး၏ မိုးနှောင်းငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ခင်းသို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ဝါစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မြင့်စိုးက ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ဒေသ၏လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ညွှန်ကြားရေးမှူးက စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မြင့်စိုးက လိုအပ်သည်များ မှာကြားကာ တမံတည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ် သိန်းနီကုန်းကျေးရွာရှိ တောင်သူတစ်ဦး၏ ပေါင်းစည်းလယ်ယာ၌ စပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား တွေ့ဆုံကာ လိုအပ်သည်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁-၉-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားဖို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	ကဗျာပန်းဥယျာဉ်
၈း၂၀	၇။	တေးဂီတအစီအစဉ်
၈း၃၀	၈။	“ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင်”
၈း၄၀	၉။	International News
၈း၄၅	၁၀။	Local Talent
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀	၄။	တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၂း၂၀	၅။	Yan Can Cook
၁၂း၄၀	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ “မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ” (အပိုင်း-၄၁)
၁း၅၅	၇။	“ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ ဇမ္ဗူဒီပဗိမာန်တော်”
၂း၁၀	၈။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၂း၂၀	၉။	“သတိတစ်ချက် တစ်သက်အမှား”
၂း၂၅	၁၀။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၂း၃၀	၁၁။	နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
၂း၄၀	၁၂။	အတီးပြိုင်ပွဲ
၂း၅၅	၁၃။	International News
၃း၀၀	၁၄။	အစီအစဉ်ပြီး၏။

ညပိုင်း

၃း၁၅	၁။	Myanmar National League MNL(2010) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ကမ္ဘောဇ F.C နှင့် ဇေယျာရွှေမြေ F.C)
၅း၁၅	၂။	တေးဂီတအစီအစဉ်
၅း၃၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅း၄၅	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၆း၀၀	၅။	ညနေခင်းသတင်း
၆း၁၅	၆။	မိုးလေဝသအခြေအနေ
၆း၂၀	၇။	အလှရှာမယ်လှကမ္ဘာဝယ်
၆း၃၅	၈။	ယဉ်တစ်ကိုယ်မယ် (ပွင့်နဒီမောင်) (ဒါရိုက်တာ-မင်းဇေယျာလင်း)
၇း၀၀	၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ “အတိတ်ရဲ့ ပုံရိပ်” (အပိုင်း-၁၃)**
၈း၀၀	၁၀။	ပြည်တွင်းသတင်း
	၁၁။	နိုင်ငံတကာသတင်းများ
	၁၂။	မိုးလေဝသအခြေအနေ
	၁၃။	တို့လက်တွေတွဲထား [M ဆိုင်း၊ တေးရေး-စိုးသီဟ (ရောင်စဉ်လှိုင်း)]
	၁၄။	ကာတွန်းအစီအစဉ် “တောကောင်ငယ်သိုင်းညီနောင်လေးများ” (အပိုင်း-၅၈)
	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ရေဆုံးမြေဆုံး” (အပိုင်း-၁၉)**
	၁၆။	ဂီတတံခါးလေးဖွင့်ပါဦး
	၁၇။	အစီအစဉ်ပြီး၏။

SGS (Myanmar)Ltd. ဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၀

SGS (Myanmar)Ltd. က ကြီးမှူးကျင်းပသည့် ISO 22000:2005 (Food Safety Management System) & ISO 9001:2008 (Quality Management System) Seminar ကို ယနေ့နံနက်စနာရီခွဲတွင် ရန်ကုန် မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal Hotel၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင်များ၊ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ SGS(Myanmar)Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်တင်နှင့် ဝန်ထမ်းများ၊ လုပ်ငန်းနယ်ပယ်အသီးသီးမှ ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများနှင့် ဟောပြောဆွေးနွေးကြမည့် SGS(Thailand)Ltd.မှ ပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပထမဦးစွာ SGS (Myanmar)Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်တင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး**(ယာပုံ)** SGS (Myanmar)Ltd. မှ SSC Business Development Manager, Registered Lead Auditor ဦးရဲသန့်ကျော်က SGS (Thailand) Ltd. မှ ဟောပြောဆွေးနွေးကြမည့် ပညာရှင်များနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် ISO 22000: 2005 (Food Safety Management System) GMP/HACCP,ISO 22000နှင့် ISO 22000:2005 (Food Safety Management System) BRC တို့ကို Ms.Teeranat Lipichotikul က လည်းကောင်း၊ ISO 9001:2008 (Quality Management System)-ISO 9001 - Scope, Permissible Exclusion, PDCA Philosophyနှင့် ISO 9001:2008(Quality Management System)-ISO 9001:2008 Standard Reguirement တို့ကို Mr.Sirin Sinithanon ကလည်းကောင်း ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာသူများက သိလိုသည်များကို ပြန်လည်မေးမြန်းကြသည်။

ယင်းနောက် SGS (Myanmar) Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်တင်က ဟောပြောဆွေးနွေးပေးသည့် ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်ပစ္စည်း ပေးအပ်သည်။

SGS (Myanmar)Ltd. သည် Inspection,Verification,Certification and Testing Services များကို ဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ကမ္ဘာတွင် SGS ကို ၁၈၇၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် အဖွဲ့အစည်းကြီးတစ်ခုဖြစ်သည်။

SGS (Myanmar)Ltd. ရုံးခန်းကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ ဗဟိုစည်အိမ်ရာဝင်း အမှတ်(၇၉) (၈၀) ဖုန်း-၀၁-၂၁၁၅၆၂၊၀၁-၂၁၁၅၃၇၊ ၀၁-၂၁၁၅၃၈ နှင့်၀၁-၂၁၁၅၄၇တို့၌ ဖွင့်လှစ်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တောင်သူလယ်သမားများသို့ နှိုးဆော်ချက်ထုတ်ပြန်

မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၏ ၂၀၁၀ ခုနှစ် စက်တင်ဘာလပတ်အတွက် ခန့်မှန်းချက်တွင် အနောက်တောင်မုတ်သုံလေသည် စက်တင်ဘာ ပထမ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ လည်းကောင်း၊ စက်တင်ဘာ ဒုတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၊ စက်တင်ဘာတတိယ ၁၀ရက်ပတ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှ လည်းကောင်း၊ စက်တင်ဘာလကုန်ခန့်တွင် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ လည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိကြောင်း ဖော်ပြထားသည်။

သို့ဖြစ်ပါ၍ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်-

* မိုးနှောင်းပိုင်းရွာသွန်းသော မိုးရေများကို ရနိုင်သမျှစုဆောင်းပါ။
* မိုးရေစုဆောင်းနိုင်ရန် ကန်သင်းများ လုံခြုံရန်နှင့် မြှင့်တင်ခြင်းများပြုလုပ်ပါ။
* လယ်သမားကန်ငယ်များပြုလုပ်၍ ရေသိုလှောင်ပါ။
* ချောင်း၊ မြောင်းများတွင် ယာယီရေသိုလှောင်ထားနိုင်ရန် ချောင်းပိတ်၊ မြောင်းပိတ်များပြုလုပ်ပါ။
* စုဆောင်းရရှိထားသော ရေများဖြင့် သီးနှံစိုက်ခင်းများသို့ လိုအပ်ပါက ရေတင်စက်များဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ ရေပေးသွင်းနိုင်ရေး ကြိုတင်ပြင်ဆင်ပါ။
* စပါးအပြီး သီးထပ်သီးနှံကို မြေအစိုဓာတ်ရှိချိန်တွင် အချိန်မီစိုက်ပျိုးပါ။
* ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာတတ်သည့် သီးနှံဖျက်ပိုးမွှားရောဂါများကို အချိန်မီ ကာကွယ်နှိမ်နင်းပါ။
* အကူအညီလိုအပ်ပါက တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီများနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

News Watch (စောင့်ကြည့်) ဂျာနယ် အတွဲ(၆)၊ အမှတ်(၉) ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၁၀

တစ်နေ့တခြား ကြီးမားလာသော မုံရွာက မှို့ပွင့်ကြီး ကြည့်ရှုသူများနှင့်စည်ကားနေ၊ မန္တလေးမြို့တွင် ဈေးဆိုင်များ၌ တပ်ဆင်ထားသော စီးပွားရေးကြော်ငြာများ အခွန်ငွေမဆောင်ပါက ဒဏ်ကြေးငွေ ၁၀ ဆပေးဆောင်ရမည်၊ One Stop Service နှင့် ဆောင်ရွက်ပေးမည့် ကားလေလံပွဲကျင်းပမည်၊ ရန်ကုန်စီးပွားရေး ဘဏ်ခွဲအချို့တွင် ယခုရက်ပိုင်း သိန်းထောင်ကျော် ငွေလွှဲမှုများ များပြား၊ ၃၂ ပေ သစ်လုံးတင်ယာဉ်များ ကုဗတန် ၁၆ တန်အထိ တင်ဆောင်နိုင်၊ ပေ ၄၀ တွဲယာဉ်များ ၂၂ တန်အထက် ပိုမိုတင်ဆောင်ခွင့်မပြု၊ ဆယ်လူလာဖုန်းလဲလှယ်ခွင့်လျှောက်လွှာများ ခေတ္တဆိုင်းငံ့ထား၊ ရန်ကုန်ဆန်ဈေးကွက် အေးစက်နေမှုကြောင့် မော်ကျွန်းမှ ဆန်တင်ပို့မှု လျော့ကျလာ၊ တန်ပိုတင်ယာဉ်များနှင့် ကားစီးရေဖြတ်သန်းမှု များပြားခြင်းကြောင့် ဘေလီတံတား ပျက်စီး၊ ဘုရင့်နောင် ယာဉ်အပိုပစ္စည်းဈေးကြီး ဝါးတစ်ရာသို့ ပြောင်းရွှေ့မည်ဆိုခြင်းမှာ မဟုတ်မှန်၊ ရုပ်ရှင်ပြသနေစဉ် ဟန်းဖုန်းများ ပိတ်ထားသင့်၊ ပိတ်ပင်ထားသည့် ခြင်ဆေးခွေနှစ်မျိုး ဈေးကွက်တွင် ကျန်ရှိနေ၊ စပါးပေါ်ချိန် ဈေးကောင်းနိုင်၍ ကြိုပို့ဝင့်ဝယ်ယူသူများရှိနေ၊ ဟန်းဆက်ဈေးကွက် ကျပ်ငါးသိန်းတန်ပေါ် မူတည်နေ၊ မန္တလေးမြို့ အဆင့်မြင့်ရတနာပုံဈေး(ယာယီ) ဈေးတန်းများကို မကြာမီဖျက်သိမ်းမည်၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်တွင် မြေကွက်များ အရောင်းအဝယ်သွက်နေ၊ ၂၀၁၁ ခုနှစ်အတွင်း အာမခံအမျိုးအစား လေးဆယ့်ခြောက်မျိုးဖြစ်လာမည်၊ နိုင်ငံတကာဈေးကွက်သို့ သစ်နှင့်သစ်အချောထည်ပစ္စည်းများ တင်ပို့ရာတွင် သစ်ထောက်ခံချက်လိုအပ်၊ ဆရာပါရဂူ၏ ဦးသော်ဇင်အကြောင်း၊ ဆရာလူထုစိန်ဝင်း၏ ပြဿနာကို မကြောက်နဲ့ ရင်ဆိုင်ပါ။ ထွဋ်ဝင်းထွဋ်၏ ပင်လယ်ကွေ့နိုင်ငံတွေက အိမ်ဖော်အမျိုးသမီးများဘဝ၊ မောင်သန်းဆွေ(ထားဝယ်)၏ ဖူးစာနှစ်ခိုင်(၁၆)မှ ချစ်ရေးမညီသည့် မေရီမိဖုရားအကြောင်း၊ ရွှေစင်ကိုကို၏ ဘေးဒုက္ခတွေ ပင်လယ်ဝေနေသော ပါကစ္စတန်၊ မက္ကဆီကိုပင်လယ်ကွေ့ ရေနံယိုဖိတ်မှု ဘီပီက အမေရိကန် ကန်ထရိုက်တာများအား အပြစ်ပုံချ၊ ဂျာမနီ ချူကလီးယားစက်ရုံများ သက်တမ်းတိုးမည်၊နယူးဇီလန်ငလျင် နေအိမ် ၁၀၀၀၀၀ ပျက်စီး၊ အိုင်အေအီးအေ စုံစမ်းစစ်ဆေးမှုများ အီရန်က ဟန့်တား အစရှိသည့် ကမ္ဘာ့အရေး၊ မြန်မာ့အရေး သတင်းအစုံအလင်ဖြင့် News Watch (စောင့်ကြည့်) ဂျာနယ် ထွက်ပြီဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

လျှပ်စစ်ဓာတ်အားလိုင်း တာဝါတိုင်ကို မိုင်းခွဲဖျက်ဆီးရန် ကြိုးပမ်းမှုအား

တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေး ပူးပေါင်းဆောင်ရွက်မှုကြောင့် အချိန်မီ ရှင်းလင်းဖယ်ရှားနိုင်ခဲ့

ဤသို့ တားဆီးကာကွယ် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် တပ်မတော်သားတစ်ဦး နိုင်ငံနှင့်ပြည်သူအတွက် ခြေတစ်ဖက်ပေးဆပ်စွန့်လှူခဲ့ရ

ယနေ့ပြည်သူအများက အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များအား ရွံရှာမုန်းတီးလျက်ရှိကြပြီး ၎င်းတို့ကို နိုင်ငံတော်က ထိရောက်စွာ ဖော်ထုတ်ဟန့်တားဆောင်ရွက်ရန် လိုလားမျှော်လင့်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၀

သထုံမြို့နယ် ဒုံဝန်းကျေးရွာအုပ်စုရှိ လယ်ကွင်းအတွင်း စိုက်ထူထားသည့် လျှပ်စစ်ဓာတ်အားလိုင်း တာဝါတိုင်ကို မိုင်းခွဲဖျက်ဆီးရန် ကြိုးပမ်းမှုအား တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေး ပူးပေါင်းဆောင်ရွက်မှုကြောင့် အချိန်မီ ရှင်းလင်းဖယ်ရှားနိုင်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၈ ရက်က သထုံမြို့နယ် ဒုံဝန်း ကျေးရွာအုပ်စု ကွင်းအမှတ် (၄၃၀) ရှိ လယ်ကွင်းအတွင်း စိုက်ထူထားသော ၂၃၀ ကေဗွီ ဓာတ်အားလိုင်းတာဝါတိုင်အမှတ် (၃၀၂)ကို ဖောက်ခွဲဖျက်ဆီးရန် မိုင်းများ ထောင်ထားသည်ကို တွေ့ရှိကြောင်း တာဝန်သိပြည်သူ တစ်ဦး၏ သတင်းပေး ပူးပေါင်း ဆောင်ရွက်မှုအရ သက်ဆိုင်ရာက သွားရောက်စစ်ဆေးရှင်းလင်းခဲ့သည်။ စုစုပေါင်း မိုင်းငါးလုံး တွေ့ရှိရပြီး တာဝါတိုင်ဒေါက်တိုင်လေးတိုင်တွင် တစ်တိုင်လျှင် မိုင်းတစ်လုံးနှုန်းဖြင့် မြေပြင်မှ အထက် ၁၀ ပေခန့်တွင် လည်းကောင်း၊ ကျန်မိုင်းတစ်လုံးကို ကန့်လန့်တန်းဘောင်၌ ကပ်၍ လည်းကောင်း တာဝါတိုင် ဗုန်းဗုန်းကျ ပြိုလဲအောင် စေ့စေ့စပ်စပ် တပ်ဆင်ထားကြောင်း တွေ့ရှိရသည်။

မိုင်းရှင်းလင်းရေးအဖွဲ့က မိုင်းများအား စနစ်တကျ ရှင်းလင်းဖယ်ရှားနိုင်ခဲ့သော်လည်း ၎င်းမိုင်းငါးလုံးအနက် တစ်လုံးမှာ အခြားဝှက်ထားသည့် မိုင်းတစ်လုံးနှင့် ဆက်စပ်ပြီး ထောင်ချောက်မိုင်းထောင်ထားခြင်းဖြစ်သည့်အတွက် မိုင်းရှင်းလင်းနေစဉ် ၎င်းဝှက်ထားသော ထောင်ချောက်မိုင်း ရုတ်တရက်ပေါက်ကွဲခဲ့ရာ မိုင်းရှင်းလင်းရေးအဖွဲ့ဝင် စစ်သည်တစ်ဦး ညာခြေချင်းဝတ်အထက်မှ ပြတ်တောက်ဒဏ်ရာရရှိသွားခဲ့ကြောင်း သိရှိရသည်။

ဤသို့ တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပူးပေါင်းဆောင်ရွက်မှုကြောင့် သက်ဆိုင်ရာက မိုင်းများကို ရှင်းလင်းဖယ်ရှားနိုင်ခဲ့သည့်အတွက် တာဝါတိုင် ပြိုလဲပြီး ဓာတ်အားလိုင်းများ ပြတ်တောက်မည့်အရေးမှ အချိန်မီ တားဆီးကာကွယ်နိုင်ခဲ့ကြောင်း၊ တာဝါတိုင် ပြိုလဲခဲ့ပါက လျှပ်စစ်မီး ပြန်လည်ရရှိရန် အချိန်များစွာ ယူရမည်ဖြစ်ပြီး လူအား၊ ငွေအား များစွာ စိုက်ထုတ်သုံးစွဲရမည်ဖြစ်ကြောင်း၊ သို့သော် ပြည်သူများ လျှပ်စစ်မီး မပြတ်တောက်ရအောင် တားဆီးကာကွယ်ကြိုးပမ်းဆောင်ရွက်ခဲ့သည့် တပ်မတော်သားတစ်ဦးမှာမူ နိုင်ငံနှင့် ပြည်သူအတွက် ခြေတစ်ဖက်ကို ပေးဆပ်စွန့်လှူခဲ့ရကြောင်း သိရသည်။

ယခုအခါ နိုင်ငံရေး အမြတ်ထုတ်လိုသည့် ဆန့်ကျင်ဘက်အုပ်စုများ၊ အဖျက်အမှောင့်သမားများက အပြစ်မဲ့ပြည်သူများ သေကျေ ဒဏ်ရာရရှိအောင်၊ နိုင်ငံပိုင် အခြေခံအဆောက်အအုံများ ပျက်စီးအောင်၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ ထိုမှတစ်ဆင့် ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး မအောင်မြင်အောင် သွေးထိုးလှုံ့ဆော်မှုများ၊ ဗုံးခွဲမိုင်းထောင်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ဤဖြစ်စဉ်မှာလည်း အဖျက်အမှောင့်သမားများက ပဲခူးမြို့တွင် လူငယ်အချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုမှတစ်ဆင့် သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့သည့်ဖြစ်စဉ်နှင့် အချိန်ကိုက် ဟန်ချက်ညီ ချိတ်ဆက်လုပ်ဆောင်လာခြင်း ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

ဤဖြစ်စဉ်တွင် တာဝန်သိပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် နိုင်ငံနှင့် ပြည်သူ ထိခိုက်စေမည့်အန္တရာယ်မှ အချိန်မီ တားဆီးကာကွယ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယနေ့ပြည်သူအများကလည်း ဤကဲ့သို့ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးအောင်၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည့် ဆန့်ကျင်ဘက်အုပ်စုများ၊ အဖျက်အမှောင့် အုပ်စုများ၏ အကြမ်းဖက် အဖျက်အမှောင့် လုပ်ရပ်များအား ရွံရှာမုန်းတီးလျက်ရှိကြပြီး ၎င်းတို့ကို နိုင်ငံတော်က ထိရောက်စွာ ဖော်ထုတ်ဟန့်တား ဆောင်ရွက်ရန် လိုလားမျှော်လင့်လျက်ရှိကြကြောင်း သိရှိရသည်။

ထို့ကြောင့် နိုင်ငံတော်အပိုင်းကလည်း ပြည်သူအများ၏ ဆန္ဒနှင့်အညီ အကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များအား ပြည်သူများနှင့် ပူးပေါင်းလျက် ထိရောက်စွာ ဖော်ထုတ်ဟန့်တားအရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း မသင်္ကာဖွယ်ရာ တွေ့ရှိပါက တာဝန်ရှိသူများထံ အမြန်ဆုံးသတင်းပေးပို့လျက် လက်တွဲပူးပေါင်းဆောင်ရွက်ကြပါရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုင်းရှင်းလင်းရေးအဖွဲ့ဝင်က တာဝါတိုင်တွင် မိုင်းရှင်းလင်းစဉ်။

တာဝါတိုင်တွင် ဖောက်ခွဲရန် အသင့်တပ်ဆင်ထားသည့် တီအင်န်တီ ယမ်းတောင့်များနှင့် ဒီတိုနေတာ ယမ်းကြိုးများကို တွေ့ရစဉ်။

မိုင်းများကို ရှင်းလင်းစဉ် ပေါက်ကွဲသွားသည့် ထောင်ချောက်မိုင်းနေရာ။

ပြည်သူများ လျှပ်စစ်မီး မပြတ်တောက်ရအောင် တားဆီးကာကွယ်ကြိုးပမ်းဆောင်ရွက်ခဲ့သည့် တပ်မတော်သားတစ်ဦး နိုင်ငံနှင့် ပြည်သူအတွက် ခြေတစ်ဖက်ကို ပေးဆပ်စွန့်လှူခဲ့ရ။

တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပူးပေါင်းဆောင်ရွက်မှုကြောင့် ချိန်ကိုက်မိုင်းတစ်လုံးအား တာဝန်ရှိသူများက အချိန်မီဖော်ထုတ် ရှင်းလင်းနိုင်ခဲ့သည့်အတွက် အပြစ်မဲ့ပြည်သူများစွာ သေကျေထိခိုက်ကြရမည့် အန္တရာယ်ဆိုးမှ ကာကွယ်နိုင်ခဲ့

အကြမ်းဖက်သောင်းကျန်းသူများ၊ အဖျက်အမှောင့်သမားများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများက ၂၀၁၀ ရွေးကောက်ပွဲ ပျက်ပြားအောင် သွေးထိုးလှုံ့ဆော်မှုများနှင့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များ တိုးမြှင့်လုပ်ဆောင်လျက်ရှိ

ပြည်သူများအနေဖြင့် မသင်္ကာဖွယ်တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထား

နေပြည်တော် စက်တင်ဘာ ၁၀

စက်တင်ဘာ ၉ ရက်က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးအနီး ရထားလမ်းခုံးကျော် လူကူးသစ်သားတံတားပေါ်၌ ထောင်ထားသည့် ချိန်ကိုက်မိုင်းတစ်လုံးအား တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ အချိန်မီ ရှင်းလင်းဖယ်ရှားနိုင်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၉ ရက် ညပိုင်းက ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းဈေး မြောက်ဘက်တန်းနှင့် ယောမင်းကြီးလမ်းသို့ ဆက်သွယ်သည့် ရထားလမ်းခုံးကျော် လူကူးသစ်သားတံတားပေါ်၌ အပြာရောင်တိပ်ဖြင့် ပတ်ထားသည့် မသင်္ကာဖွယ်ရာကွန်ပါဘူးတစ်ခုကို တွေ့ရှိကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ ကျောင်းသုံးကွန်ပါဘူးကို အသုံးပြုမိုင်းထောင်ထားသည့် ချိန်ကိုက်မိုင်းတစ်လုံးကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း၊ အဆိုပါမိုင်းမှာ အလျား ၁၉ စင်တီမီတာ၊ အနံ ၇ စင်တီမီတာ၊ အမြင့် ၂ဒသမ၅ စင်တီမီတာ အရွယ်ရှိ ကျောင်းသုံးကွန်ပါဘူးအတွင်း ထည့်သွင်းတပ်ဆင်ထားပြီး အလျား ၈ဒသမ ၅ စင်တီမီတာ၊ အနံ ၅ဒသမ၅ စင်တီမီတာ၊ အမြင့် ၂ဒသမ၅ စင်တီမီတာနှင့် အလေးချိန် သုည ဒသမ ၅ ပေါင်ခန့်ရှိ C4 အမျိုးအစား ယမ်းတုံးတစ်တုံး၊ ယမ်းတုံးအတွင်း တပ်ဆင်ထားသည့် အလျား ၄၂ မီလီမီတာနှင့် အချင်း ၇ မီလီမီတာရှိ လျှပ်စစ်ဒီတိုနေတာတစ်ခု၊ ဝါယာကြိုးများ တပ်ဆင်ထားသည့် ဓာတ်ခဲနာရီတစ်လုံး၊ လျှပ်စီးပတ်လမ်းထိန်းခလုတ်တစ်ခုနှင့် AA အရွယ်အစား Panasonic ဓာတ်ခဲအသေးသုံးလုံးတို့ ပါဝင်ကြောင်း၊ ၎င်းမိုင်းကို အချိန်ကိုက်ပေါက်ကွဲစေရန် အသက်သွင်းထားပြီး အပြာရောင်တိပ်ဖြင့် ပတ်ထားသည်ကို တွေ့ရသဖြင့် မိုင်းရှင်းလင်းရေးအဖွဲ့က အသက်မဲ့သွားစေရန် အချိန်မီ ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ချိန်ကိုက်မိုင်းကို နောက်တစ်နေ့ နံနက် ၆ နာရီခန့်တွင် ပေါက်ကွဲစေရန် ချိန်ကိုက်ထားပြီး ပြည်သူအများ နံနက်ခင်းဈေးဝယ်ရန် သွားလာစည်ကားချိန်တွင် အချိန်ကိုက်ပေါက်ကွဲပြီး ထိခိုက်သေကျေဆုံးရှုံးမှု ကြီးမားများပြားအောင် ကြံစည်လုပ်ဆောင်ထားခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပူးပေါင်းဆောင်ရွက်မှုကြောင့် တာဝန်ရှိသူများက အချိန်မီဖော်ထုတ်ရှင်းလင်းနိုင်ခဲ့သည့်အတွက် အပြစ်မဲ့ပြည်သူများစွာ သေကျေထိခိုက်ကြရမည့် အန္တရာယ်ဆိုးမှ ကာကွယ်နိုင်ခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူများ၊ အဖျက်အမှောင့်သမားများနှင့် နိုင်ငံရေး အမြတ်ထုတ်လိုသူများသည် နိုင်ငံတစ်ဝန်း မတည်ငြိမ်မှုများ၊ အကြမ်းဖက်ဆူပူမှုများဖြစ်ပွားပြီး မကြာမီကျင်းပတော့မည့် ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပျက်ပြားအောင် သွေးထိုးလှုံ့ဆော်မှုများနှင့် အကြမ်းဖက်အဖျက်အမှောင့် လုပ်ရပ်များအား တိုးမြှင့်လုပ်ဆောင်လျက်ရှိကြရာ ဤဖြစ်စဉ်မှာလည်း မကြာမီက ပဲခူးမြို့တွင် လူငယ်အချင်းချင်း ခိုက်ရန်ဖြစ်ပွားရာမှ သေနတ်ဖြင့် ပစ်ခတ်မှုအထိ ဖြစ်ပွားခဲ့ရသည့် ဖြစ်စဉ်နှင့် အချိန်ကိုက် ဟန်ချက်ညီ ချိတ်ဆက်လုပ်ဆောင်လာခြင်းပင်ဖြစ်သည်။

ယင်းအကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များအား ပြည်သူအများစုက ရွံရှာမုန်းတီးလျက်ရှိကြပြီး ယခုကဲ့သို့ တာဝန်သိပြည်သူများ၏ သတင်းပေးပူးပေါင်းဆောင်ရွက်မှုကြောင့်သာ အချိန်မီ ဟန့်တားချေဖျက်ဖယ်ရှားနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ပါ၍ ပြည်သူများအနေဖြင့် မသင်္ကာဖွယ်တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ကြရန် သက်ဆိုင်ရာက သတိပေး နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၁ သံကွန်ပါဘူး
၂ C4 ယမ်းတုံး
၃ [illegible]
၄ စားပွဲတင်ချိန်ကိုက်နာရီ ([illegible])
၅ [illegible]
၆ [illegible]
၇ [illegible]
၈ 1.5 Volt (AA Size) Panasonic ဓာတ်ခဲ
၉ 1.5 Volt (AA Size) Panasonic Alkaline ဓာတ်ခဲ

တာဝန်သိ ပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးအနီး ရထားလမ်းခုံးကျော် လူကူးသစ်သားတံတားပေါ်မှ အချိန်မီ ရှင်းလင်းဖယ်ရှားနိုင်ခဲ့သည့် ချိန်ကိုက်မိုင်းကို တွေ့ရစဉ်။

ချိန်ကိုက်မိုင်း ထည့်ထားသည့် ကျောင်း သုံး ကွန် ပါ ဘူး အ တွင်း မှ ဖောက်ခွဲရေး သုံး ယမ်း နှင့် ဆက် စပ် ပစ္စည်းများကို တွေ့ရစဉ်။

ချိန်ကိုက်မိုင်း တွေ့ရှိရသည့် နေရာ။

အနာဂတ်နိုင်ငံတော်ကို မိမိဆန္ဒမဲဖြင့် တည်ဆောက်ကြပါစို့

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အနာဂတ်ကာလတွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးသည့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ရပ်တည်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ရှေ့လုပ်ငန်းစဉ် (၇) ရပ်ကို ကြေညာပြီး ယင်းလုပ်ငန်းစဉ်များအတိုင်း ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်၏ ပဉ္စမအဆင့်ဖြစ်သည့် ရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်များသည်လည်း အနာဂတ်နိုင်ငံတော် တည်ဆောက်မှု အခန်းကဏ္ဍတွင် မလွဲမသွေ ပါဝင်လာကြတော့မည် ဖြစ်ပေသည်။

မဲဆန္ဒရှင်ဆိုသည်မှာ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသည့် မဲစာရင်းတွင် ပါဝင်သူတို့ ဖြစ်ပါသည်။ ယင်းတို့သည် မဲဆန္ဒရှင်များ ဖြစ်ကြသည်နှင့်အညီ ဆန္ဒမဲပေးခွင့်ရရှိနိုင်ရန် မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့က စနစ်တကျ မဲစာရင်းပြုစုပေးကြမည်ဖြစ်ပါသည်။ မဲစာရင်း ပြုစုပြီးသည့်အခါ ယင်းမဲစာရင်းကို အများပြည်သူမြင်သာသောနေရာ၌ ကပ်ထား၍ ကြေညာပေးမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကို ကြည့်ရှုစိစစ်ခွင့်ရရှိပြီး မဲစာရင်းတွင် မိမိအမည် ပါဝင်သင့်ပါလျက် မပါဝင်ကြောင်း တွေ့ရှိလျှင် မဲစာရင်း၌ ထည့်သွင်းပေးရန် တောင်းဆိုလွှာကိုလည်းကောင်း၊ မိမိ၏ မဲဆန္ဒနယ် မဲစာရင်းတွင် တစ်စုံတစ်ဦး၏ အမည်သည် မပါဝင်သင့်ဘဲ ပါဝင်နေသည်ကို တွေ့ရှိရပါက ယင်းအမည်ကို အမည်စာရင်းမှ ပယ်ဖျက်ပေးရန် ကန့်ကွက်လွှာကိုလည်းကောင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းနိုင်ပါသည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက ဥပဒေနှင့်အညီ အမည်စာရင်းထည့်သွင်းပေးခြင်း သို့မဟုတ် အမည်စာရင်းမှ ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ အကယ်၍ အမည်စာရင်း ထည့်သွင်းပေးရန် သော်လည်းကောင်း၊ အမည်စာရင်းမှ ပယ်ဖျက်ပေးရန်သော်လည်းကောင်း ငြင်းပယ်လျှင် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ မဲဆန္ဒရှင်များက အယူခံတင်သွင်းနိုင်ပါသည်။ မဲဆန္ဒရှင်များသည် သက်ဆိုင်ရာမဲစာရင်း၌ မိမိအမည်ပါဝင်မှသာ ဆန္ဒမဲပေးခွင့်ရရှိနိုင်သောကြောင့် ဆန္ဒမဲပေးခွင့်ရရေးအတွက် သက်ဆိုင်ရာမဲစာရင်း၌ မိမိအမည်ပါဝင်ရန် အရေးကြီးပါသည်။

မဲစာရင်း အတည်ပြုပြီးသည့်အခါ မဲဆန္ဒနယ်အတွင်း ရှိနေသူများအနေဖြင့် ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် သက်ဆိုင်ရာ မဲရုံသို့ ကိုယ်တိုင်သွားရောက်၍ မဲပေးခွင့်ရှိသကဲ့သို့ ရွေးကောက်ပွဲ ကျင်းပမည့်နေ့တွင် မဲဆန္ဒနယ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးခွင့်ရှိပါသည်။ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ပြည်တွင်း၌ ရှိနေသူများသည်လည်းကောင်း၊ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပသို့ ရောက်ရှိနေသူများသည်လည်းကောင်း ရွေးကောက်ပွဲတွင် ယင်းတို့၏ ဆန္ဒမဲပေးပိုင်ခွင့်ကို အပြည့်အဝ ကျင့်သုံးနိုင်စေရန် ကော်မရှင်နှင့် သက်ဆိုင်ရာကော်မရှင်ခွဲအသီးသီးတို့က ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ ဆန္ဒမဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးကြရမည် ဖြစ်ပေသည်။

မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မိမိမဲဆန္ဒနယ်ရှိ သက်ဆိုင်ရာမဲရုံသို့ သွားရောက်သည့်အခါ မဲရုံကို ကြီးကြပ်ကွပ်ကဲရန် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ခန့်ထားသည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များက သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ မဲဆန္ဒရှင်များ လွတ်လပ်စွာ လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရေးအတွက် လိုအပ်သလို ကူညီကြမည် ဖြစ်ပေသည်။

မဲရုံအတွင်းသို့ ရောက်ရှိသည့်အခါ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စား

ဥပဒေလေ့လာသူတစ်ဦး

လှယ်တို့အတွက် ဆန္ဒပြုရန် လျှို့ဝှက်ဆန္ဒပြုခန်း (သို့မဟုတ်) လုံခြုံအောင် ဆောင်ရွက်ပေးထားသောနေရာများကို မြင်တွေ့ရမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်တစ်ဦးသည် လွှတ်တော်သုံးရပ်အတွက် မဲလက်မှတ်သုံးမျိုးဖြင့် ဆန္ဒမဲပေးကြရမည်ဖြစ်ပါသည်။ ယင်းဆန္ဒမဲလက်မှတ်များတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်နှင့် သင်္ကေတတို့ကိုလည်းကောင်း၊ ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် ကော်မရှင်တံဆိပ်နှင့် ရေစာတို့ကို လည်းကောင်း ဖော်ပြထားမည် ဖြစ်ပါသည်။

ထို့ပြင် မိမိတို့ မဲဆန္ဒနယ်အတွင်း၌ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီသော တိုင်းရင်းသားလူမျိုးများရှိလျှင် ယင်းတိုင်းရင်းသားလူမျိုးများသည် မိမိတို့တိုင်းရင်းသားလူမျိုးအတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှုန်းဖြင့် ဆန္ဒမဲပေးနိုင်မည်ဖြစ်ပါသည်။ ယင်းဆန္ဒမဲတွင် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်နှင့် သင်္ကေတတို့ ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ဆန္ဒမဲပေးရန် မဲရုံသို့ရောက်ရှိသည့်အခါ မဲစာရင်းစစ်ဆေးသူအား တွေ့ရှိရမည်ဖြစ်ပြီး ယင်းက မဲဆန္ဒရှင်၏အမည်နှင့် အချက်အလက်များကို မှန်၊ မမှန် စိစစ်ပြီးနောက် မဲလက်မှတ်ထုတ်ပေးသူက ဆန္ဒမဲလက်မှတ်ကို ထုတ်ပေးမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်သည် သက်ဆိုင်ရာဆန္ဒမဲမထည့်မီ လျှို့ဝှက်ဆန္ဒပြုခန်း (သို့မဟုတ်) လုံခြုံအောင်ဆောင်ရွက်ပေးထားသော နေရာများတွင် မိမိဆန္ဒပြုလိုသည့်ပုဂ္ဂိုလ်၏အမည်ကို (✔)အမှန်အမှတ်အသားပြုပြီးနောက် ဆန္ဒမဲကိုခေါက်လျက် မဲပုံးအတွင်းသို့ ထည့်ရမည်ဖြစ်ပါသည်။ ဆန္ဒမဲပေးသူသည် ဆန္ဒမဲလက်မှတ်ရှိ အမည်များကို မဖတ်တတ်လျှင် သို့မဟုတ် ညွှန်ကြားထားသည့်အတိုင်း ဆန္ဒမဲမပေးတတ်လျှင်လည်းကောင်း၊ မျက်မမြင်ဖြစ်လျှင်လည်းကောင်း သက်ဆိုင်ရာ မဲစာရင်း၌ပါရှိသော မဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ညီအစ်ကိုမောင်နှမ တစ်ဦးဦးသည် ဆန္ဒမဲပေးသူက ညွှန်ကြားသည့်အတိုင်း သတ်မှတ်ထားသည့်နေရာတွင် ဆန္ဒမဲလက်မှတ်၌ လျှို့ဝှက်ဆန္ဒပြုခွင့်ရှိသကဲ့သို့ မိသားစုဝင်များမရှိလျှင် မဲရုံမှူးက ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ဤနည်းအားဖြင့် မဲဆန္ဒရှင်သည် လျှို့ဝှက်မဲပေးခန်းအတွင်း၌ မိမိဆန္ဒရှိသူကို လွတ်လပ်စွာ လျှို့ဝှက်ဆန္ဒမဲပေးခွင့်ရရှိကြမည် ဖြစ်ပါသည်။

မဲဆန္ဒရှင်များသည် သက်ဆိုင်ရာမဲရုံအသီးသီးသို့ နံနက် ၆ နာရီမှ ညနေ ၄ နာရီအတွင်း သွားရောက်၍ ဆန္ဒမဲပေးခွင့်ရှိပါသည်။ မဲရုံပိတ်ချိန်ရောက်ရှိသည့်တိုင် ဆန္ဒမဲမပေးရသေးသော မဲဆန္ဒရှင်များ မဲရုံပရိဝုဏ်အတွင်း၌ ဆန္ဒမဲပေးရန် ဆက်လက်ရှိနေသေးသည်ကို တွေ့ရှိလျှင် မဲရုံမှူးသည် သတ်မှတ်ချက်နှင့်အညီ မဲရုံကို ဆက်လက်ဖွင့်လှစ်၍ မဲဆန္ဒရှင်များအား ဆန္ဒမဲပေးစေမည် ဖြစ်ပါသည်။

မဲဆန္ဒရှင်များ ဆန္ဒမဲပေးခြင်းပြီးဆုံးလျှင် ပြီးဆုံးခြင်း မဲရုံမှူးကိုယ်တိုင်ဖြစ်စေ၊ ယင်းကတာဝန်ပေးအပ်ထားသော မဲရုံအဖွဲ့ဝင်ကဖြစ်စေ မဲရုံအဖွဲ့ဝင်များ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ်များရှေ့မှောက်၌ ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်နှင့် ရပ်ကွက်နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲထံမှ ရရှိထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ထိုမဲရုံတွင်ပင် စုစည်းရေတွက်၍ စာရင်းပြုစုကြမည်ဖြစ်ပါသည်။ မဲရုံမှူးသည် ဆန္ဒမဲရေတွက်သည့်နေရာ၌ ရှိနေသည့် မဲရုံအဖွဲ့ဝင်များ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ်များပါဝင်သည့် သက်သေ အနည်းဆုံး ၁၀ ဦး၏အမည်ကို

☆ **မဲစာရင်း အတည်ပြုပြီးသည့်အခါ မဲဆန္ဒနယ်အတွင်း ရှိနေသူများအနေဖြင့် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် သက်ဆိုင်ရာမဲရုံသို့ ကိုယ်တိုင်သွားရောက်၍ မဲပေးခွင့်ရှိသကဲ့သို့ ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် မဲဆန္ဒနယ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးခွင့်ရှိ။**

☆ **သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ပြည်တွင်း၌ ရှိနေသူများသည်လည်းကောင်း၊ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပသို့ ရောက်ရှိနေသူများသည်လည်းကောင်း ရွေးကောက်ပွဲတွင် ယင်းတို့၏ ဆန္ဒမဲပေးပိုင်ခွင့်ကို အပြည့်အဝကျင့်သုံးနိုင်စေရန် ကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မရှင်ခွဲအသီးသီးတို့က ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ ဆန္ဒမဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးကြရမည်ဖြစ်။**

☆ **မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိမဲဆန္ဒနယ်ရှိ သက်ဆိုင်ရာမဲရုံသို့ သွားရောက်သည့်အခါ မဲရုံကိုကြီးကြပ်ကွပ်ကဲရန် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ခန့်ထားသည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များက သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ မဲဆန္ဒရှင်များ လွတ်လပ်စွာ လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရေးအတွက် လိုအပ်သလို ကူညီကြမည်ဖြစ်။**

ဌ်ပါစို့

တစ်ဦး

ပြုခန်း (သို့မဟုတ်)
ရာများကို မြင်တွေ့
လွှတ်တော်သုံးရပ်
ကြရမည်ဖြစ်ပါသည်။
ိုယ်စားလှယ်လောင်း
ာင်း၊ ဆန္ဒမဲလက်မှတ်
ရေစာတို့ကို လည်း

အခြေခံဥပဒေပါ
သားလူမျိုးများရှိလျှင်
ို့တိုင်းရင်းသားလူမျိုး
နှုန်းဖြင့် ဆန္ဒမဲပေး
ိုင်ရာ တိုင်းရင်းသား
များ၏ အမည်နှင့်
ည်ဖြစ်ပါသည်။

ါ မဲစာရင်းစစ်ဆေး
ဆန္ဒရှင်၏အမည်နှင့်
နောက် မဲလက်မှတ်
ပေးမည်ဖြစ်ပါသည်။
လျှို့ဝှက်ဆန္ဒပြုခန်း
ားသော နေရာများ
ို (✔)အမှန်အမှတ်
က် မဲပုံးအတွင်းသို့
ဉ် ဆန္ဒမဲလက်မှတ်ရှိ
ညွှန်ကြားထားသည့်
း၊ မျက်မမြင်ဖြစ်လျှင်
ရှိသော မဲဆန္ဒရှင်၏
ညီအစ်ကိုမောင်နှမ
ွှန်ကြားသည့်အတိုင်း
က်မှတ်၌ လျှို့ဝှက်
ျင် မဲရုံမှူးက ကူညီ
အားဖြင့် မဲဆန္ဒရှင်
ရှိသူကို လွှတ်လပ်စွာ
ည်။
ာသီးသီးသို့ နံနက် ၆
၍ ဆန္ဒမဲပေးခွင့်ရှိပါ
 န္ဒမဲမပေးရသေးသော
်ပေးရန် ဆက်လက်
ဉ် သတ်မှတ်ချက်နှင့်
ရှင်များအား ဆန္ဒမဲ

င် ပြီးဆုံးခြင်း မဲရုံမှူး
ားသော မဲရုံအဖွဲ့ဝင်
း၊ မဲရုံကိုယ်စားလှယ်
က်မှတ်နှင့် ရပ်ကွက်
သည့် ကြိုတင်ဆန္ဒမဲ
တွက်၍ စာရင်းပြုစု
ရေတွက်သည့်နေရာ၌
း၊ မဲရုံကိုယ်စားလှယ်
၁၀ ဦး၏အမည်ကို

❑ မဲဆန္ဒရှင်တစ်ဦးသည် လွှတ်တော်သုံးရပ်အတွက် မဲလက်မှတ်သုံးမျိုးဖြင့် ဆန္ဒမဲ ပေးကြရမည်။

❑ ယင်းဆန္ဒမဲလက်မှတ်များတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်နှင့် သင်္ကေတတို့ကိုလည်းကောင်း၊ ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် ကော်မရှင်တံဆိပ်နှင့် ရေစာတို့ကိုလည်းကောင်း ဖော်ပြထားမည်။

❑ ထို့ပြင် မိမိတို့ မဲဆန္ဒနယ်အတွင်း၌ အခြေခံဥပဒေပါပြဋ္ဌာန်းချက်နှင့် ကိုက်ညီသော တိုင်းရင်းသားလူမျိုးများရှိလျှင် ယင်းတိုင်းရင်းသားလူမျိုးများသည် မိမိတို့ တိုင်းရင်းသားလူမျိုးအတွက် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးနှုန်းဖြင့် ဆန္ဒမဲပေးနိုင်မည်။

❑ ယင်းဆန္ဒမဲတွင် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်နှင့် သင်္ကေတတို့ ဖော်ပြထားသည်ကို တွေ့ရမည်။

မှတ်တမ်းတင်ထားရမည့်အပြင် မိမိလက်မှတ်ရေးထိုး ထုတ်ပေးခဲ့သည့် ဆန္ဒမဲလက်မှတ်နှင့် မဲပုံးအတွင်းမှရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်တို့ ကိုက်ညီမှုရှိ၊ မရှိကိုပါ စစ်ဆေးရမည်ဖြစ်ပါသည်။ ပယ်ရမည့် ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ချက်များနှင့်အညီပယ်၍ ရေတွက်ပြီးစီးသည့် ဆန္ဒမဲလက်မှတ်များကို ထုပ်ပိုးချိပ်ပိတ်လက်မှတ်ရေးထိုးကာ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံး ပေးပို့ရမည်ဖြစ်ပါသည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရပ်ကွက် သို့မဟုတ် ကျေးရွာကော်မရှင်အဖွဲ့ခွဲက ပေးပို့သော လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲလက်မှတ်များနှင့် မိမိလက်ဝယ်ရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ပေါင်းပြီး လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီး ရရှိသည့် ခိုင်လုံသော ဆန္ဒမဲအရေအတွက်ကို ကြေညာမည်ဖြစ်ပါသည်။ မြို့နယ်ကော်မရှင်ခွဲသည် မိမိကြေညာထားသည့် ကိုယ်စားလှယ်လောင်းအစီအစဉ်အတိုင်း အများပြည်သူရှေ့မှောက်၌ သတ်မှတ်ပုံစံများဖြင့် စာရင်းပြုစု၍ ယင်းစာရင်းမိတ္တူများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့မည်ဖြစ်ပါသည်။ ထိုသို့**ပေးပို့သော စာရင်းများအရ မဲဆန္ဒနယ်အလိုက် ခိုင်လုံသော ဆန္ဒမဲ အရေအတွက် အများဆုံးရရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအား ရွေးကောက်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ကြေညာမည်ဖြစ်ပါသည်။ ယင်းကြေညာချက်တစ်စောင်စီကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့မည်ဖြစ်ပါသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက ပေးပို့တင်ပြသည့် ကြေညာချက်များအရ သက်ဆိုင်ရာ မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအား လွှတ်တော်ကိုယ်စားလှယ်များအဖြစ် အသိအမှတ်ပြုလွှာများ ထုတ်ပေးခြင်းနှင့် ယင်းတို့၏ အမည်စာရင်းကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာမည်ဖြစ်ပါသည်။ ထို့နောက် မဲဆန္ဒရှင်များက မိမိတို့စိတ်ကြိုက် လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်အသီးသီး၌ မြင်တွေ့ကြရမည်ဖြစ်ပါသည်။**

ဆန္ဒမဲပေးခြင်းသည် မဲဆန္ဒရှင်များအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော အခွင့်အရေးကို ကျင့်သုံးခြင်းဖြစ်ပြီး အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပူးပေါင်းပါဝင်လျက် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်သည့် ပြယုဂ်တစ်ခု ဖြစ်ပါသည်။ သို့ပါ၍ လွတ်လပ်သော သဘောဆန္ဒပေါ်တွင် အခြေခံသည့် ဆန္ဒမဲပေးပိုင်ခွင့်ရရှိထားသော မဲဆန္ဒရှင်များသည် မိမိတို့၏အနာဂတ်ကို စနစ်တကျဖန်တီးပေးနိုင်စွမ်းရှိသည့် နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် မိမိတို့တန်ဖိုးထား လေးစားသော၊ စံနမူနာကောင်းရှိသော၊ တိုင်းချစ် ပြည်ချစ်စိတ်ရှိသော ပုဂ္ဂိုလ်များကိုသာ မှန်မှန်ကန်ကန် ရွေးချယ်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

❍ မဲဆန္ဒရှင်များ ဆန္ဒမဲပေးခြင်း ပြီးဆုံးလျှင် ပြီးဆုံးခြင်း မဲရုံမှူး ကိုယ်တိုင်ဖြစ်စေ၊ ယင်းက တာဝန်ပေးအပ်ထားသော မဲရုံအဖွဲ့ဝင်က ဖြစ်စေ မဲရုံအဖွဲ့ဝင်များ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ်များ ရှေ့မှောက်၌ ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်နှင့် ရပ်ကွက်နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲထံမှ ရရှိထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ထိုမဲရုံတွင်ပင် စုစည်းရေတွက်၍ စာရင်းပြုစုကြမည်။

❍ မဲရုံမှူးသည် ဆန္ဒမဲ ရေတွက်သည့်နေရာ၌ ရှိနေသည့် မဲရုံအဖွဲ့ဝင်များ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ်များပါဝင်သည့် သက်သေအနည်းဆုံး ၁၀ ဦး၏အမည်ကို မှတ်တမ်းတင်ထားရမည့်အပြင် မိမိလက်မှတ်ရေးထိုး ထုတ်ပေးခဲ့သည့် ဆန္ဒမဲလက်မှတ်နှင့် မဲပုံးအတွင်းမှ ရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက်တို့ ကိုက်ညီမှုရှိ၊ မရှိကိုပါ စစ်ဆေးရမည်။

❍ ပယ်ရမည့် ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ချက်များနှင့်အညီ ပယ်၍ ရေတွက်ပြီးစီးသည့် ဆန္ဒမဲလက်မှတ်များကို ထုပ်ပိုးချိပ်ပိတ်လက်မှတ်ရေးထိုးကာ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံး ပေးပို့ရမည်။

ရန်ကုန် လူနေမှုစနစ် ပရိဘောဂပြပွဲ (၂၀၁၀)ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၏ ကြီးကြပ်မှု၊ Thousand Islands Business Group ၏ ပံ့ပိုးမှုတို့ဖြင့် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ရန်ကုန် လူနေမှုစနစ် ပရိဘောဂပြပွဲ (၂၀၁၀)ကို စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပြသရောင်းချသွားမည်ဖြစ်ပြီး ကျွန်းနှင့်သစ်မာ၊ အခြားသားများဖြင့်ပြုလုပ်သော အဆင့်မြင့် Luxury Furniture များ၊ အိမ်သုံးပရိဘောဂများ၊ Garden Furniture များ၊ ကြိမ်/ဝါး ပရိဘောဂများ၊ တရုတ်ရိုးရာပရိဘောဂများ၊ Modern Furniture များ၊ ပရိဘောဂသုတ်ဆေးများ၊ မွေ့ရာ/ခေါင်းအုံးများ၊ သစ်သားပန်းပုရုပ်မျိုးစုံ၊ သစ်သားကပ်ကော်နှင့် Coating များ၊ အဆင့်မြင့်ပရိဘောဂထုတ်လုပ်သော စက်ပစ္စည်းများ၊ သစ်အခြေခံဆိုင်ရာ စက်ပစ္စည်းများကို ပြခန်းပေါင်း ၁၆၅ ခန်းဖြင့် ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၉-၂၀၁၀ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်+ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"သံယောဇဉ်ပြတ်လျှင်နိဗ္ဗာန်ဝင်" တရားတော် (ညောင်ကန်အေးဆရာတော်ဒေါက်တာအရှင်ကုန္ဒက)
၆း၄၀	ကံကူထွတ်ခေါင် ပိတ်ချင်းမြောင်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၀)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၄)**
၈း၄၀	လပွတ္တာနှင့်သုံးမိုင်အကွာ
၈း၅၅	Activities In the City -People's Utility & Electronics Exhihition 2010 ပြပွဲမှ MSI ၏ မိတ်ဆက်ပွဲ -အေးငြိမ်းချမ်းသာ အောင်ဘာလေ ထီဆိုင်၏ သိန်း(၅၀၀)အပိုဆုနှင့် နှစ်ပတ်လည်အခမ်းအနား
၉း၂၅	ပဲခူးတိုင်းဒေသကြီးအတွက်. . . ပထမခြေလှမ်း ပြည်(ရွှေတံခါး)-ပေါက်ခေါင်းရထားလမ်း
၉း၃၅	Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၁၅	ဓာတ်ကြွင်းအာနိသင်ကင်းစင်ဖို့ တမာပိုးသတ်ဆေးသုံးကြစို့
၁၀း၃၅	မြင်ကွင်းထဲမှရိုက်ချက်များ
၁၀း၄၅	သွားမယ်စားမယ် (GG Food House)
၁၁း၁၅	MNL Preview
၁၁း၅၀	ပန်းချီပြခန်း (Art Wave ပန်းချီပြပွဲ)
၁၂း၀၀	ဟိုတယ်လမ်းညွှန် (Rupar Mandalar)
၁၂း၃၀	သူတို့ပြောတဲ့သူတို့အကြောင်း (စန္ဒာဝင်းနှင့်တွေ့ဆုံခြင်း)
၁း၀၀	"သံယောဇဉ်ပြတ်လျှင်နိဗ္ဗာန်ဝင်" တရားတော် (ညောင်ကန်အေးဆရာတော်ဒေါက်တာအရှင်ကုန္ဒက)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Talent Show (ထွေးဦးမြန်မာ့ရိုးရာယဉ်ကျေးမှုရုပ်စုံအဖွဲ့)
၂း၅၀	VJ Choice
၃း၂၀	Kids Show
၃း၄၅	လပွတ္တာနှင့်သုံးမိုင်အကွာ
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၄)**
၄း၄၅	ပဲခူးတိုင်းဒေသကြီးအတွက်. . . ပထမခြေလှမ်း ပြည်(ရွှေတံခါး)-ပေါက်ခေါင်းရထားလမ်း
၅း၁၀	Sports Diary
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Movie Talk (ဒါရိုက်တာ ကြည်စိုးထွန်း၊ အကယ်ဒမီနွဲ့နွဲ့စန်း) (အပိုင်း-၃)
၆း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၁)**
၇း၁၅	ဖက်ရှင်လမ်းညွှန် (Aroma Zulu Dress Creation)
၇း၄၀	သူတို့ဘဝ သူတို့ဟာသ (စူပါဘဲတော)
၈း၀၀	MRTV-4 သတင်း
၈း၂၅	Barclays Premier League (Arsenal Vs Bolton)
၁၀း၂၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၅)**
၁၁း၀၅	Activities In the City -အေးငြိမ်းချမ်းသာ အောင်ဘာလေ ထီဆိုင်၏ သိန်း(၅၀၀)အပိုဆုနှင့် နှစ်ပတ်လည်အခမ်းအနား
၁၁း၂၀	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၁း၄၀	Box Office Movies (The Curious Case of Benjamin Button)
၁၂း၁၀	World of Knowledge [Ancient Mega structures (Angkor Wat)]
၁း၀၀	Activities In the City -People's Utility & Electronics Exhihition 2010 ပြပွဲမှ MSI ၏ မိတ်ဆက်ပွဲ
၁း၁၅	စဉ်ဆက်မပြတ်ထိန်းသိမ်းစရာ မြန်မာ့ရိုးရာဂီတပညာ
၁း၃၀	ဓာတ်ကြွင်းအာနိသင်ကင်းစင်ဖို့ တမာပိုးသတ်ဆေးသုံးကြစို့
၁း၅၀	နှလုံးသားရဲ့ခံစားမှုတိုင်းကို မှတ်တမ်းတင်မယ့် 7 Picture
၂း၁၅	သာယာဖွံ့ဖြိုး. . . တိုးတက်ဝေစည်. . . ဧည့ဝတီ
၂း၃၅	သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပန်းတိုင်အထွက်နှုန်း"
၂း၄၅	Shooting Location (ကီလီ ၆)
၃း၁၀	တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (နိုင်ငံတကာဆုရ မြန်မာ့တိုင်းရင်းအလှမွေးငါးများ)
၃း၂၅	မြင်ကွင်းထဲမှရိုက်ချက်များ
၃း၃၅	မောတို့မြေမှ အံ့ဖွယ်ထူးခြားလိုဏ်ဂူများ
၄း၂၅	PEACE OF MIND (စိတ်ငြိမ်းအေးသော) (ဒါရိုက်တာ-ကြည်ဖြူသျှင်)
၄း၃၅	ရာဇဝင်မြစ်ကမ်းပေါ်မှ. . . နားခိုရာ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်		ပြသမည့်လိုင်း
၆း၁၀	Everton	- Man U	ESPN(Live)
၈း၂၅	West Ham	- Chelsea	ESPN(Live)
	Arsenal	- Bolton	STAR SPORTS (Live)
၁၀း၃၀	Newcastle	- Blackpool	ESPN (SDD)
၁၁း၀၀	Fulham	- Wolverhampton	STAR SPORTS(SDD)

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်မြင့် စည်းရုံးရေးသင်တန်းဖွင့်ပွဲ အခမ်းအနားတက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်မြင့်စည်းရုံးရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ပုသိမ်ကြီးမြို့နယ် စစ်မှုထမ်းဟောင်း လေ့ကျင့်ရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့မှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး တိုင်းမှူးက အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းတင်ပြ

ထို့နောက်တစ်ဆင့် တိုင်းမှူးသည် ပုသိမ်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအိမ်ရာသို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးသည် အိမ်ရာများအတွင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ပုသိမ်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအိမ်ရာများအတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၀

စက်တင်ဘာ ၁၇ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ကျိုက္ကဆံမြားပစ်ကွင်း၌ ကျင်းပမည့် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၈ရက် မွန်းလွဲ ၁နာရီတွင် အားကစားနှင့် ကာယပညာဦးစီးဌာန(ကျိုက္ကဆံကွင်း)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများက ပြိုင်ပွဲနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ပြိုင်ပွဲနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြေဆီလွှာပျက်စီးမှုမရှိစေဘဲ နိုင်ငံတကာဈေးကွက်ဝင် အော်ဂဲနစ်သီးနှံများ ရရှိနိုင်သည့် မြန်မာမြေသြဇာများ ဖြန့်ဖြူး

ရန်ကုန် စက်တင်ဘာ ၁၀

မြေဆီလွှာ ပျက်စီးမှု လုံးဝမရှိစေဘဲ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းထိ အထွက်ပိုသည့်အပြင် နိုင်ငံတကာဈေးကွက်ဝင် အရည်အသွေးကောင်း အော်ဂဲနစ်သီးနှံများရရှိစေသည့် မြန်မာမြေသြဇာ (MM Science Organic Fertilizer)ကို မြန်မာတကောင်း ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်က တောင်သူဦးကြီးများ လက်လှမ်းတစ်မီ ဝယ်ယူအသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

အသုံးပြုနိုင်

မြန်မာမြေသြဇာ (MM Science Organic Fertilizer) သည် ရုရှားနိုင်ငံ အာကာသသိပ္ပံပညာရှင် အဖွဲ့အစည်းက ထုတ်လုပ်ထားသော သဘာဝမြေသြဇာ အသစ်ဖြစ်သည်။ သိပ္ပံနည်းကျ ဖော်စပ်ထား၍ N.P.K အပြင် အနည်းလိုအာဟာရဓာတ် ၁၃ မျိုးစလုံး ပါဝင်သည်။ မြေဆီလွှာအတွင်း တဖြည်းဖြည်းပျော်ဝင်ကာ အရည်အသွေး တာရှည်ခံသည်။

ရာခိုင်နှုန်းပြည့် သဘာဝမြေသြဇာ ဖြစ်သည်။ မြေဆီလွှာမရွေး အသုံးပြုနိုင်သည်။ အာဟာရဓာတ်အပြည့်အဝပါဝင်သည်။ နှစ်ရှည်အသုံးပြုလျှင် မြေဆီလွှာပို၍ ပို၍ကောင်းစေသည်။ MM-1 (10-3-3) သည် အပင်ကြီးထွားမှု၊ အပင်ပွားများမှု ကောင်းကာ အပင်သန်၍ အနှံများများ ထွက်ပြီး ဟင်းသီးဟင်းရွက်များ လျင်မြန်စွာကြီးထွားစေသည်။ စပါး၊ ဂျုံ၊ ပြောင်း၊ ပဲ၊ ရာသီသီးနှံအမျိုးမျိုးတို့တွင် သုံးနိုင်သည်။ MM-11(5-5-5) သည် အပင်မျိုးစုံအတွက် သင့်လျော်သည်။ မြေကျင်းခံစဉ်၊ အပင်ငယ်စဉ်နှင့် အသီးငယ်စဉ် အသုံးပြုနိုင်သည်။ အပင်ကြီးထွားနှုန်း မြန်စေသည်။ MM-12(3-5-5) သည် အစာစုဆောင်းချိန်၊ ပန်းပွင့်ချိန်၊ အသီးကင်းဝင်ချိန်များတွင် အသုံးပြုရပြီး အပွင့်ကြီး၊ ဝတ်မှုန်ကူးမှုကောင်း၊ အရောင်လှ၊ အသီးကြီးပြီး အသားကျစ်ကာ အချိန်စီးစေသည်။ MM-14(3-3-7)သည် အချိုဓာတ်လိုအပ်သော သီးနှံများ၊ အရောင်လှ၊ အရသာကောင်း၊ ဥကြီးထွားမှုကောင်း၊ အသားကျစ်၊ အလေးချိန်စီးပြီး အထားခံစေရန် မရိတ်သိမ်း၊ မဆွတ်ခူးမီ ရက် ၃၀ မှ ၄၅ ရက်အလိုတွင် ထည့်ပေးရသည်။ လိမ္မော်၊ သရက်၊ ပိန္နဲ၊ နာနတ်၊ ကြံ၊ သခွားမွှေး၊ ဖရဲနှင့် ဥယျာဉ်ခြံသီးနှံများတွင် အသုံးပြုနိုင်ကြောင်း သိရသည်။ မြန်မာမြေသြဇာသည် သုံးရမည့် နည်းစနစ်အတိုင်း သုံးပါက အညွှန်းတွင်ပါသည့်အတိုင်း အာမခံကြောင်း သိရသည်။

မြန်မာမြေသြဇာ (MM Science Organic Fertilizer) အကြောင်း လေ့လာလိုသူများ၊ ဝယ်ယူအသုံးပြုလိုသူများ၊ လက်လီ ပြန်လည်ဖြန့်ဖြူးရောင်းချလိုသူများသည် မြန်မာတကောင်း ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် အမှတ် (၈/H) မင်းဓမ္မလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၆၆၂၂၆၆၊ ၆၆၅၅၂၆၊ ၆၆၁၈၀၀၊ ၅၀၃၉၃၇၊ ၀၉-၂၀၄၄၀၀၃၊ ၀၉-၅၂၈၀၆၃၅၊ ၀၉-၅၂၈၀၆၉၃၊ ၀၉-၆၇၁၀ ၂၁၈၊ ၀၈၅-၅၀၂၂၃နှင့် ၀၂-၇၁၇၂၉တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၀

ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က Avoidance of Double Tax Treaties and Witholding Tax ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို စက်တင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် စက်တင်ဘာ ၂၂ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ်(၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ မေးမြန်းလိုသည့် မေးခွန်းများကို စက်တင်ဘာ ၁၇ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်းသို့ ကြိုတင်ပေးအပ်ရမည်ဖြစ်ကြောင်း သိရသည်။

စာရင်းပေးသွင်းနိုင်

လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှ လာရောက်ရသူများအနေဖြင့်သတ်မှတ်ရက်မတိုင်မီ အသင်းရုံး ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ် စာရင်းပေးနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရောင်စုံကြော်ငြာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံ သတင်းစာတွင် ရောင်စုံ ကြော်ငြာအချပ်ပို နှစ်မျက်နှာ ပါရှိပါသည်။

ဘူမိသိပ္ပံ ပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းက ကြီးမှူး၍ ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ အသိပညာတိုးတက်ပြန့်ပွားစေရန် ရည်ရွယ်လျက် ပညာရပ်ဆိုင်ရာ ဟောပြောပွဲကို စက်တင်ဘာ ၁၁ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် Mr.Douglas J.Kirwin (Society of Economic Geologists) နှင့် Dr. Andrew H. Mitchell (Ivanhoe Myanmar Holding Ltd.) တို့က ကိုရီးယားသမ္မတနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ရှိ သတ္တုရိုင်းသိုက်များ၊ မြန်မာနိုင်ငံ မုံရွာ ကြေးနီသတ္တုရိုင်းသိုက်နှင့် ရမည်းသင်းဒေသ မိုးထိတောင် ရွှေသတ္တုရိုင်းသိုက်များ အကြောင်းကို ဆွေးနွေးဟောပြောကြမည်ဖြစ်ရာ အသင်းဝင်များနှင့် စိတ်ဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လားရှိုးခရိုင်ရုံး စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်း

လားရှိုး စက်တင်ဘာ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြန်/ဆက် ခရိုင်ရုံး စာကြည့်တိုက်အတွက် လားရှိုးမြို့ အထက(၂) ကျောင်းအုပ်ကြီး(ငြိမ်း) ဒေါ်ခင်ကြည်၊ ဒေါ်စောခင်ချိုနှင့် ဒေါ်ခင်ထွေးထွေးဝေတို့က စက်တင်ဘာ ၆ ရက်တွင် သုတရသနှင့် မဂ္ဂဇင်းမျိုးစုံ ၁၀၆၀ အုပ် လာရောက်လှူဒါန်းရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြန်/ဆက် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက လက်ခံရယူပြီး လားရှိုးခရိုင် ပြန်/ဆက်ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ်ပြန်/ဆက်)

ကြီးကြပ်ဆောင်ရွက်

ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဇော်မင်း ဩဂုတ် ၁၇ ရက်က ကျောက်တော်မြို့ ကမ်းနားလမ်း ပလက်ဖောင်းပြုလုပ်ခြင်းလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်မြင့် စည်းရုံးရေးသင်တန်းဖွင့်ပွဲ အခမ်းအနားတက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်မြင့်စည်းရုံးရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ပုသိမ်ကြီးမြို့နယ် စစ်မှုထမ်းဟောင်း လေ့ကျင့်ရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့မှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး တိုင်းမှူးက အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းတင်ပြ

ထို့မှတစ်ဆင့် တိုင်းမှူးသည် ပုသိမ်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအိမ်ရာသို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးသည် အိမ်ရာများအတွင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ပုသိမ်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအိမ်ရာများအတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၀

စက်တင်ဘာ ၁၇ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ကျိုက္ကဆံမြားပစ်ကွင်း၌ ကျင်းပမည့် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၈ရက် မွန်းလွဲ ၁နာရီတွင် အားကစားနှင့် ကာယပညာဦးစီးဌာန(ကျိုက္ကဆံကွင်း)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများက ပြိုင်ပွဲနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ပြိုင်ပွဲနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြေဆီလွှာပျက်စီးမှုမရှိစေဘဲ နိုင်ငံတကာဈေးကွက်ဝင် အော်ဂဲနစ်သီးနှံများ ရရှိနိုင်သည့် မြန်မာမြေဩဇာများ ဖြန့်ဖြူး

ရန်ကုန် စက်တင်ဘာ ၁၀

မြေဆီလွှာ ပျက်စီးမှု လုံးဝမရှိစေဘဲ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းထိ အထွက်ပိုသည့်အပြင် နိုင်ငံတကာဈေးကွက်ဝင် အရည်အသွေးကောင်း အော်ဂဲနစ်သီးနှံများရရှိစေသည့် မြန်မာမြေဩဇာ (MM Science Organic Fertilizer)ကို မြန်မာတကောင်း ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်က တောင်သူဦးကြီးများ လက်လှမ်းတစ်မီ ဝယ်ယူအသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

အသုံးပြုနိုင်

မြန်မာမြေဩဇာ (MM Science Organic Fertilizer) သည် ရုရှားနိုင်ငံ အာကာသသိပ္ပံပညာရှင် အဖွဲ့အစည်းက ထုတ်လုပ်ထားသော သဘာဝမြေဩဇာ အသစ်ဖြစ်သည်။ သိပ္ပံနည်းကျ ဖော်စပ်ထား၍ N.P.K အပြင် အနည်းလိုအာဟာရဓာတ် ၁၃ မျိုးစလုံး ပါဝင်သည်။ မြေဆီလွှာအတွင်း တဖြည်းဖြည်းပျော်ဝင်ကာ အရည်အသွေး တာရှည်ခံသည်။ ရာခိုင်နှုန်းပြည့် သဘာဝမြေဩဇာ ဖြစ်သည်။ မြေဆီလွှာမရွေး အသုံးပြုနိုင်သည်။ အာဟာရဓာတ်အပြည့်အဝပါဝင်သည်။ နှစ်ရှည်အသုံးပြုလျှင် မြေဆီလွှာပို၍ ပို၍ကောင်းစေသည်။ MM-1 (10-3-3) သည် အပင်ကြီးထွားမှု၊ အပင်ပွားများမှုကောင်းကာ အပင်သန်၍ အနှံများများထွက်ပြီး ဟင်းသီးဟင်းရွက်များ လျင်မြန်စွာကြီးထွားစေသည်။ စပါး၊ ဂျုံ၊ ပြောင်း၊ ပဲ၊ ရာသီသီးနှံအမျိုးမျိုးတို့တွင် သုံးနိုင်သည်။ MM-11(5-5-5) သည် အပင်မျိုးစုံအတွက် သင့်လျော်သည်။ မြေကျင်းခံစဉ်၊ အပင်ငယ်စဉ်နှင့် အသီးငယ်စဉ် အသုံးပြုနိုင်သည်။ အပင်ကြီးထွားနှုန်း မြန်စေသည်။ MM-12(3-5-5) သည် အစာစုဆောင်းချိန်၊ ပန်းပွင့်ချိန်၊ အသီးကင်းဝင်ချိန်များတွင် အသုံးပြုရပြီး အပွင့်ကြီး၊ ဝတ်မှုန်ကူးမှုကောင်း၊ အရောင်လှ၊ အသီးကြီးပြီး အသားကျစ်ကာ အချိန်စီးစေသည်။ MM-14(3-3-7)သည် အချိုဓာတ်လိုအပ်သော သီးနှံများ၊ အရောင်လှ၊ အရသာကောင်း၊ ဥကြီးထွားမှုကောင်း၊ အသားကျစ်၊ အလေးချိန်စီးပြီး အထားခံစေရန် မရိတ်သိမ်း၊ မဆွတ်ခူးမီ ရက် ၃၀ မှ ၄၅ ရက်အလိုတွင် ထည့်ပေးရသည်။ လိမ္မော်၊ သရက်၊ ပိန္နဲ၊ နာနတ်၊ ကြံ၊ သခွားမွှေး၊ ဖရဲနှင့် ဥယျာဉ်ခြံသီးနှံများတွင် အသုံးပြုနိုင်ကြောင်း သိရသည်။ မြန်မာမြေဩဇာသည် သုံးရမည့် နည်းစနစ်အတိုင်း သုံးပါက အညွှန်းတွင်ပါသည့်အတိုင်း အာမခံကြောင်း သိရသည်။

မြန်မာမြေဩဇာ (MM Science Organic Fertilizer) အကြောင်း လေ့လာလိုသူများ၊ ဝယ်ယူအသုံးပြုလိုသူများ၊ လက်လီ ပြန်လည်ဖြန့်ဖြူးရောင်းချလိုသူများသည် မြန်မာတကောင်း ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် အမှတ် (၈/H) မင်းဓမ္မလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၆၆၂၂၆၆၊ ၆၆၅၅၂၆၊ ၆၆၁၈၀၀၊ ၅၀၃၉၃၇၊ ၀၉-၂၀၄၄၀၀၃၊ ၀၉-၅၂၈၀ ၆၃၅၊ ၀၉-၅၂၈၀၆၉၃၊ ၀၉-၆၇၁၀ ၂၁၈၊ ၀၈၅-၅၀၂၂၃နှင့် ၀၂-၇၁၇၂၉တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၀

ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က Avoidance of Double Tax Treaties and Witholding Tax ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို စက်တင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် စက်တင်ဘာ ၂၂ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ်(၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ မေးမြန်းလိုသည့် မေးခွန်းများကို စက်တင်ဘာ ၁၇ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်းသို့ ကြိုတင်ပေးအပ်ရမည်ဖြစ်ကြောင်း သိရသည်။

စာရင်းပေးသွင်းနိုင်

လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှ လာရောက်ရသူများအနေဖြင့်သတ်မှတ်ရက်မတိုင်မီ အသင်းရုံး ဖုန်း-၂၀၄၆၅၃ သို့ ကြိုတင်ဆက်သွယ် စာရင်းပေးနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဘူမိသိပ္ပံ ပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းက ကြီးမှူး၍ ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ အသိပညာတိုးတက်ပြန့်ပွားစေရန် ရည်ရွယ်လျက် ပညာရပ်ဆိုင်ရာ ဟောပြောပွဲကို စက်တင်ဘာ ၁၁ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် Mr.Douglas J.Kirwin (Society of Economic Geologists) နှင့် Dr. Andrew H. Mitchell (Ivanhoe Myanmar Holding Ltd.) တို့က ကိုရီးယားသမ္မတနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ရှိ သတ္တုရိုင်းသိုက်များ၊ မြန်မာနိုင်ငံ မုံရွာ ကြေးနီသတ္တုရိုင်းသိုက်နှင့် ရမည်းသင်းဒေသ မိုးထိတောင် ရွှေသတ္တုရိုင်းသိုက်များ အကြောင်းကို ဆွေးနွေးဟောပြောကြမည်ဖြစ်ရာ အသင်းဝင်များနှင့် စိတ်ဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လားရှိုးခရိုင်ရုံး စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်း

လားရှိုး စက်တင်ဘာ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြန်/ဆက် ခရိုင်ရုံး စာကြည့်တိုက်အတွက် လားရှိုးမြို့ အထက(၂) ကျောင်းအုပ်ကြီး(ငြိမ်း) ဒေါ်ခင်ကြည်၊ ဒေါ်စောခင်ချိုနှင့် ဒေါ်ခင်ထွေးထွေးဝေတို့က စက်တင်ဘာ ၆ ရက်တွင် သုတရသနှင့် မဂ္ဂဇင်းမျိုးစုံ ၁၀၆၀ အုပ် လာရောက်လှူဒါန်းရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြန်/ဆက် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက လက်ခံရယူပြီး လားရှိုးခရိုင် ပြန်/ဆက်ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ်ပြန်/ဆက်)

ကြီးကြပ်ဆောင်ရွက်

ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဇော်မင်း ဩဂုတ် ၁၇ ရက်က ကျောက်တော်မြို့ ကမ်းနားလမ်း ပလက်ဖောင်းပြုလုပ်ခြင်းလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။



လက်ခံတွေ့ဆုံ

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Yasuaki NOGAWA အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဂျပန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Yasuaki NOGAWA အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)